# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဧပြီလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၀၄)၊ ၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်၊ ၂၆-၆-၂၀၂၄၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)ဖွင့်ပွဲအခမ်းအနား ကျင်းပ

### နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့်အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ် တိုးတက်ဖြစ်ပေါ်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်

နေပြည်တော် ဇွန် ၂၅

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနားကိုယနေ့နံနက်ပိုင်းတွင်နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ စာတမ်းရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး စာမျက်နှာ ၃ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) အထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုစဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

(၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း


လူကာမိုဒရစ် ယူရိုပြိုင်ပွဲတွင် အသက်အကြီးဆုံး ဂိုးသွင်းနိုင်သူအဖြစ် မှတ်တမ်းဝင်

စာမျက်နှာ ၁၁

---

ပလတ်စတစ်ရေဘူးများကို နေရောင်ထဲ၌ထားရှိလျှင် သောက်သုံးသူများ၏ ကျန်းမာရေးထိခိုက်စေနိုင်

စာမျက်နှာ ၁၄

၂၀၂၄ ခုနှစ် ၊ ဇွန် ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေးနေ့စဉ်

# မူးယစ်ရန်စွယ်အသွယ်သွယ် အန္တရာယ်ဟူသမျှ ရှောင်ရှားကြ

၂၀၂၄ ခုနှစ်၊ ဇွန် ၂၆ ရက်သည် (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ဖြစ်သည်။ မြန်မာနိုင်ငံတော်တွင် အလွန်အန္တရာယ်ကြီးမားသော မူးယစ်ဆေးဝါးကို အမျိုးသားရေးအသွင်ဖြင့် အလေးအနက်ထားတိုက်ဖျက်တားဆီးလျက်ရှိပါသည်။ မူးယစ်ဆေးဝါးဟူသည် ပျားရည်ဆမ်းသော အဆိပ်ဖြစ်သည်။ နှံ့သာလူးထားသော ဘီလူးမည်ပါသည်။ ရန့်မွှေးသော သေဆေးဖြစ်ပါသည်။ မူးယစ်ဆေးဝါးသည် သေမင်း၏ စေတမန်၊ အနိဋ္ဌာရုံတို့၏ နိဒါန်း၊ အန္တရာယ်တို့၏ ရှေ့တော်ပြေး၊ ဒုက္ခပေါင်းတို့၏ ကင်းထောက်ဟု ဆိုသင့်ပေသည်။

"မူးယစ်ဆေးဝါးအစ ဆေးလိပ်က" ဟူ၍လည်း ဆိုခဲ့ကြပေသည်။ ပထမအစတွင် စီးကရက်၊ ဆေးလိပ်သောက်ရာမှ နောင်တွင် ဘိန်းဖြူပါသော ဆေးလိပ်ကို သောက်ကြသည်။ ထိုမှတစ်ဆင့် ဘိန်းဖြူကို အရည်ဖျော်၍ အပ်နှင့်သွင်းကြပြန်သည်။ အစကတည်းက ဆေးလိပ်မသောက်ခဲ့လျှင် အသူရာချောက်အတွင်းသို့ သက်ဆင်းရန်အကြောင်းမရှိပေ။ စင်စစ် ဆေးလိပ်သောက်ခြင်းသည်ပင် ကျန်းမာရေးအတွက် အန္တရာယ် ကြီးမားလှပေသည်။ ဆေးလိပ်သောက်ခြင်းကြောင့် ရောဂါအမျိုးမျိုးဖြစ်စေနိုင်ရာ နိုင်ငံတော်အစိုးရက ဆေးလိပ်မသောက်ကြရန် ပညာပေးခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

အဟောင်းကိုမြင်လျှင် မကောင်းထင်၍ အသစ်ကိုမြင်လျှင် ချစ်ချင်တတ်သော လူငယ်တို့အဖို့ "ငရဲကြီးရှစ်ထပ်၏အကြိုတော်" ဖြစ်သော မူးယစ်ဆေးကို ဝေးရာမှ ရှောင်ရှားသင့်ပေသည်။ လူငယ်တို့သည် မည်သည့်အရာမဆို လေ့လာချင်ကြသည်။ စမ်းသပ်ချင်ကြသည်။ ဤသဘာဝကို ကောင်းသောဘက်၌ သုံးမိလျှင် တိုးတက်နိုင်သော်လည်း မကောင်းသောဘက်၌ သုံးမိလျှင်မူ အမျိုးပြုတ်နိုင်ပေသည်။ လျှပ်စစ်ဓာတ်အားသည် အသက်ကိုသေစေနိုင်သည်ဟူသော အချက်ကို မယုံကြည်ပါက စမ်းပြီးကိုင်ကြည့်လျှင် အသက်ပျောက်သွားမည်ဖြစ်သည်။

မူးယစ်ဆေး၏ စရိုက်ဖြစ်သော စွဲလမ်းစေတတ်သည့်သဘောကြောင့် သုံးမိလျှင် မသုံးရမနေနိုင်အောင်ဖြစ်လာပေမည်။ မရရအောင် ရှာဖွေလေသည်။ မရလျှင်လည်းရသည့်နည်းကို သုံးရာမှ လူကောင်းဘဝပျက်ကာ လူဆိုးသူခိုးဘဝများသို့ ရောက်သွားလေသည်။ ပထမပိုင်းတွင် မိမိအိမ်က ပစ္စည်းခိုးသည်။ နောင်တွင် သူများပစ္စည်းခိုးသည်။ ဆွေမျိုးသားချင်း၊ ကျေးဇူးရှင်ဟူ၍ ခွဲခြားမသိတော့ပေ။ တုံးတိုက်တိုက် ကျားကိုက်ကိုက်" ဘာမဆိုလုပ်ရဲလာသည်။ သူတစ်ပါး၏ အသက်တစ်ချောင်းကိုပင် သတ်ဖြတ်ရဲသည်အထိ ဖြစ်လာသည်။

မူးယစ်ဆေးဝါးသည် လုံးဝပပျောက်သွားခြင်းမရှိသေးသော်လည်း ဖမ်းဆီးရမိမှုအရေအတွက်မှာ လွန်စွာများပြားသည်။ မူးယစ်ဆေးဝါးသည် ထုတ်လုပ်သူများရှိနေ၍ ရောင်းဝယ်ဖောက်ကားခြင်းများရှိနေသည်။ ရောင်းဝယ်ဖောက်ကားခြင်းရှိနေသည်နှင့်အမျှ သုံးစွဲသူများရှိနေသည်။ ထုတ်လုပ်သူ၊ ရောင်းဝယ်သူများအနေဖြင့် မူးယစ်ဆေးဝါးနှင့် ဆက်စပ်၍ ငွေကြေးရရှိမှုမှာ လွန်စွာများပြားလှသည်။ ငွေကို ရေလိုသုံးနိုင်သည်ဖြစ်၍ ငွေကြေးဖောင်းပွခြင်း၊ ကုန်ဈေးနှုန်း မြင့်မားခြင်းနှင့် တရားဥပဒေဖောက်ဖျက်ကျူးလွန်ခြင်းတို့ ဖြစ်ပေါ်နေခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးသုံးစွဲမှုအများစုမှာ လေ့လာတွေ့ရှိချက်များအရ လူငယ်လူရွယ်များက အများဆုံးဖြစ်သည်။ လူငယ်များ မူးယစ်ဆေးဝါးစွဲရခြင်းအကြောင်းအရာများကို လေ့လာကြည့်သောအခါ ပတ်ဝန်းကျင်အပေါင်းအသင်း လူငယ်လူရွယ်တို့၏ အပြုအမူကို တွေ့မြင်၍ အတုမြင်အတတ်သင် သုံးစွဲမိခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲရန် အပေါင်းအသင်းများက တိုက်တွန်းဆွဲဆောင်ခြင်း၊ မိဘများ၏ သွန်သင်ဆုံးမမှု လွဲမှားခြင်း၊ သူငယ်ချင်းများနှင့် ရွယ်တူတန်းတူများ သုံးစွဲနေသည်ကို မြင်၍ အားကျမခံအပြိုင်အဆိုင် သုံးစွဲခြင်း၊ ဆေးသုံးစွဲခြင်းကို ခေတ်မီသည်ဟု အယူအဆလွဲမှားခြင်း၊ အထူးအဆန်းသဘော လက်တည့်စမ်းခြင်း၊ မိမိ၏ပူပင်သောက ဗျာပါဒများ ပပျောက်စေဖို့ မှီဝဲသုံးစွဲခြင်း၊ ကိုယ်ရည်ကိုယ်သွေးညံ့ဖျင်းမှုကြောင့် မူးယစ်ဆေးဝါးသုံးစွဲမိခြင်း၊ ဆေးဝါး၏ တဒင်္ဂအာနိသင်ကို ကြိုက်နှစ်သက်ရာမှ ဆေးစွဲလာခြင်း၊ ဆေးဝါးအဖြစ် မှီဝဲရာမှ တန်ဆေးလွန်ဘေးဖြစ်ကာ ဆေးစွဲလာကြခြင်းတို့ ဖြစ်သည်။

မူးယစ်ရန်စွယ်အသွယ်သွယ် အန္တရာယ်ဟူသမျှ ရှောင်ရှားကြရမည်ဖြစ်သည်။ သက်ဆိုးရှည်မူးယစ်ဆေး ပပျောက်ကင်းစင်ရေးအတွက် မြန်မာနိုင်ငံအတွင်းနေထိုင်သူ ပြည်သူအပေါင်းက အမျိုးသားရေးအသိဖြင့် မိမိတို့တတ်စွမ်းနိုင်သည့်နေရာရှုထောင့်မှ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။



## အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) သင်တန်းသား၊ သင်တန်းသူများ လေ့ကျင့်မှုကြည့်ရှု

**မန္တလေး ဇွန် ၂၅**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တွင် ဇွန် ၂၄ ရက် နံနက်ပိုင်းက ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်၊ ဒုတိယကျောင်းအုပ်ကြီးနှင့် ဌာနမှူးများသည် သက်ဆိုင်ရာ အားကစားနည်းအလိုက် အားကစားရုံ၊ အားကစားကွင်းများတွင် အားကစားအထူးပြုသင်တန်းသား၊ သင်တန်းသူများ၊ အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းသား၊ သင်တန်းသူများ နံနက်ပိုင်းလေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုခဲ့သည်။ **(အပေါ်ပုံ)**

နံနက် ၈ နာရီတွင် ထမင်းစားဆောင်တွင် သင်တန်းသား၊ သင်တန်းသူများအား နံနက်စာကျွေးမွေးနေမှု၊ ဒုတိယဝန်ကြီးခရီးစဉ်တွင် လမ်းညွှန်မှာကြားထားမှုများနှင့် စားဖိုဆောင်ဝန်ထမ်းများက ဆောင်ရွက်ပေးထားမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

(ဝ၄၅)

## ချောင်းကြီး၊ မြောင်းကြီးများ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိ

**မန္တလေး ဇွန် ၂၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

**(အောက်ပုံ)**

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် အနိပ်တော်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၂၁ လမ်း ချမ်းမြေ့အောင်လမ်းတောင်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ လမ်း ၆၀ နှင့် ၆၂ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ရေနီမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇ လမ်းနှင့် ၁၉ လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် လမ်း ၉၀ အနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၃၂ လမ်းနှင့် ၃၃ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် မောရဂီဝါရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၆ လမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၃၁ လမ်းနှင့် ၃၂ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနီမြောင်း ၆၆ လမ်းနှင့် ၃၄ လမ်းဝဲယာ မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

မဟာအောင်မြေမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် သံလျှက်မော်အနောက်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ကန်တော်ကြီးပတ်လမ်းနှင့် ဇရာတွန်းလမ်းဆုံမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Hitachi ဘက်ဟိုးစက်အသုံးပြု၍ ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။

ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် မြို့သစ်(၁)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၃ လမ်းနှင့် ၁၀၄A လမ်းထောင့် မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် သိပ္ပံလမ်းတောင်ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၆၉ လမ်းနှင့် လမ်း ၇၀ ကြား ဆယ်ယူရှင်းလင်းခြင်းနှင့် အောင်ပင်လယ်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ပန်းရုံတော်ချောင်းအတွင်းမှ ဒိုက်နှင့် နုံးများကို Sunton စက်အသုံးပြု၍ တံတားဖြူနှင့် ၁၀၄ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် မြို့သစ်(၁)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် သိပ္ပံလမ်းတောင်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Takeuchi-4 ဘက်ဟိုးစက်အသုံးပြု၍ ၆၃ A လမ်းနှင့် ၆၄ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ပြင်ဦးလွင်သံလမ်းဘေးမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ မြောင်းစာနှင့် ဒိုက်များကို Hitachi-70 ဘက်ဟိုးစက်အသုံးပြု၍ ရေဆိုးစုကန်နှင့် ၆၅ လမ်းကြား ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် (ဈ)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၃၄ လမ်းတောင်ဘက်ခြမ်းမြောင်း မြောင်းစာမြေသားများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၅၆ လမ်းနှင့် ၅၆B လမ်းကြား တူးဖော်ဆောင်ရွက်ပေးခြင်းနှင့် (စ)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၂၈ လမ်းတောင်ဘက်ခြမ်းမြောင်းအတွင်းမှ မြောင်းစာနှင့် မြေသားများကို Takeuchi ဘက်ဟိုးစက်အသုံးပြု၍ ၅၈C လမ်းနှင့် ၅၉ လမ်းကြား ဆယ်ယူတူးဖော်ဆောင်ရွက်ခဲ့ကြသည်။

အမရပူရမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် မှန်တန်းရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ကွမ်းသီးတန်းလမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(ဝ၁ဝ၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (ဝ၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ဝ၂-၂၈၄၇၃၉၈၊ ဝ၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/ Fax-ဝ၂-၄ဝ၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) အခမ်းအနားမုခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

○ ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ညီလာခံအခမ်းအနားမုခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

### သီဆိုကပြဖျော်ဖြေ

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနအနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ပညာစံ အရေး ညီလာခံတေး" အဖွင့်သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါများခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)ကို **"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို ပိုမိုမြှင့်တင်ပေး"** ဟူသည့် ဦးတည်ချက်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်အသိပညာ၊အတတ်ပညာ ပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ် နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိနေပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ် တိုးတက်ဖြစ်ပေါ်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပညာဆိုသည်မှာ အသေးစိတ်သိခြင်း၊ သိအောင်လုပ်ခြင်း၊ ကျယ်ကျယ်ပြန့်ပြန့် သိခြင်းတို့ဖြစ်ကြောင်း၊ ပညာသင်ကြားခြင်းကို ကျောင်းသင်ခန်းစာများကို သင်ယူခြင်း (Formal Learning) အပြင် ကျောင်းပြင်ပသင်ယူခြင်း (Non-formal Learning) နှင့် အတွေ့အကြုံများမှ ကိုယ်တိုင်လေ့လာသင်ယူခြင်း (Informal Learning) စသည်များနှင့် ရယူတတ်မြောက်နိုင်ကြောင်း၊ ထိုမှတစ်ဆင့် ဘဝတစ်သက်တာ လေ့လာ သင်ယူသွားကြရမည်လည်းဖြစ်ကြောင်း၊ ပညာသည် အလင်းရောင်နှင့်တူပြီး အလင်းရောင်သည် အမှောင်ကိုဖယ်ရှားနိုင်ကြောင်း၊ ပညာသည် မောဟ (မသိခြင်း)ကို ပယ်ဖျောက်နိုင်ကြောင်း၊ ထို့ကြောင့် **"ပညာသမာ အာဘာနတ္ထိ" "ပညာနှင့်တူသော အလင်းရောင်မရှိ"ဟု မြတ်စွာဘုရားကဟောကြားခဲ့ကြောင်း။**

### အရာရာတိုင်းတွင် ပညာသည်သာ အခရာဖြစ်

ပညာတတ်ဖြစ်မှသာ လူ့ဘဝ ရှင်သန် ရပ်တည်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် လုပ်ငန်းကျွမ်းကျင်မှု အရည်အသွေးများကိုရရှိပြီး စဉ်းစားတွေးခေါ်မှု၊ ပြဿနာကို ဖြေရှင်းတတ်မှု၊ ဝေဖန်ပိုင်းခြားတတ်မှု၊ တီထွင်ကြံဆတတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှုစသည့် ပင်ကိုအရည်အသွေးများကို ပိုင်ဆိုင်လာသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပွင့်လန်းစေနိုင်မည် ဖြစ်ကြောင်း၊ **အရည်အသွေးမြင့်သည့် ပညာရပ်များကို တတ်ကျွမ်းသူများသည် ဝင်ငွေကောင်းသည့် အလုပ်အကိုင်ကောင်းများကို ရရှိနိုင်ကြောင်း၊ ဆန်းသစ်တီထွင်ဖန်တီးတတ်သူ၊ ဉာဏ်ရည်မြင့်မားသူ၊ ဝီရိယရှိပြီး ကြိုးစားအားထုတ်သူများသည် သက်ဆိုင်ရာ လုပ်ငန်းများတွင် အောင်မြင်သူများ ဖြစ်လာကြ**ကြောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ အခြေခံကျောင်းများတွင် ခင်မင်ရင်းနှီးခဲ့သည့် သူငယ်ချင်းများသည်လည်း လုပ်ငန်းခွင် မိတ်ဖက်များ ဖြစ်လာနိုင်ကြကြောင်း၊ ဘဝအောင်မြင်မှုအတွက်ဆိုပါက အရာရာတိုင်းတွင် ပညာသည်သာ အခရာဖြစ်ကြောင်းကို မိမိနှင့်နီးစပ်ရာ ပြည်သူများကို ရှင်းလင်း ပြောကြားပေးကြရန် တိုက်တွန်းလိုကြောင်း။

**နိုင်ငံတစ်နိုင်ငံ၏အင်အားသည် ပညာအပေါ်တွင် အခြေခံကြောင်း၊** ဗလငါးတန် ပြည့်ဝပြီး အသိဉာဏ် ပညာပြည့်စုံသည့် ကျောင်းသားကျောင်းသူ လူငယ်များသည် နိုင်ငံ၏အင်အား၊ နိုင်ငံ၏အနာဂတ်များ ဖြစ်ကြောင်း၊ မိဘများက သားသမီးများ လူလားမြောက်အောင် ကျွေးမွေးပြုစုယုယကြကြောင်း၊ ပညာသင်ယူရမည့် အရွယ်ရောက်သည့်အခါ နွေးထွေးသည့်မိဘရင်ခွင်မှခွာပြီး စာသင်ကျောင်းဆီ ဦးတည်ကြရကြောင်း၊ **မိဘရင်ခွင်ပြီးပါက ဆရာ့ရင်ခွင်သည် ကျောင်းသားလူငယ်များ အတွက် ဒုတိယရင်ခွင်ဖြစ်** ကြောင်း၊ တစ်နည်းအားဖြင့် ဆရာ ဆရာမများသည် ကျောင်းသား ကျောင်းသူများအတွက် ဒုတိယမိဘများပင် ဖြစ်ကြကြောင်း။

> ✻ **ပြည်သူလူထုအများစုသည် ဝင်ငွေအလယ်အလတ်အဆင့်ရှိသူများဖြစ်သည့်အတွက် နိုင်ငံတော်၏ ကျောင်းပညာရေးကိုသာ အားကိုးကြကြောင်း၊ အများပြည်သူက ယုံကြည်အားကိုးကြသည့်အတိုင်း ကျောင်းသားကျောင်းသူများ ကျောင်းပညာရေးတွင် ပညာတော်၊ ပညာတတ်၊ ဘက်စုံထူးချွန်သည့် လူငယ် လူရွယ်များ ပေါ်ထွန်းလာစေရေးကို အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့်၊ ဗလငါးတန်နှင့်ပြည့်စုံသည့်၊ အရည်အချင်းပြည့်ဝသည့် လူငယ်များကို မွေးထုတ်ပေးနိုင်ရန်မှာ ဆရာ ဆရာမများ၏ သွန်သင်ဆုံးမမှု ကောင်းမွန်ရေးအပေါ်မှာ တည်မှီနေ**

### လေးစားကြည်ညိုကြ

မြန်မာ့ ယဉ်ကျေးမှုတွင် **အနန္တောအနန္တဂိုဏ်းဝင် ဆရာသခင်ကျေးဇူးရှင်ဟု ဆရာကို အလေးအမြတ်ထားပြီး နှလုံးသွင်းချစ်ခင်ရှိသေကြကြောင်း၊** တပည့်များကို ပညာပေးဝေသူ၊ ပညာဖြင့် တပည့်များ၏ဘဝကို ရှင်သန်စေသူဖြစ်သည့် ဆရာ၏မြင့်မြတ်လှသည့် ကျေးဇူးကို ဂုဏ်တင်အသိအမှတ်ပြုပြီး မိဘ၊ ဆရာကို တစ်ဂိုဏ်းတည်း ထားကာ အာစရိယဂုဏောအနန္တော၊ ဆရာသမား၏ ဂုဏ်ကျေးဇူးသည် အဆုံး အပိုင်းအခြားမရှိဟု သတ်မှတ်လျက် လေးစားကြည်ညိုကြကြောင်း၊ ထို့ကြောင့် **ဆရာသခင် ကျေးဇူးရှင်များကလည်း မိဘသဖွယ် စိတ်ဝယ်ထားပြီး မိမိတပည့်များကို ပညာတတ်များ ဖြစ်လာအောင်၊ လိမ္မာယဉ်ကျေးသူများ ဖြစ်လာအောင် ဦးဆောင်လမ်းပြသင်ကြားပေးရန်** တိုက်တွန်းလိုကြောင်း။

ပြည်သူလူထု အများစုသည် ဝင်ငွေ အလယ်အလတ်အဆင့်ရှိသူများ ဖြစ်သည့်အတွက် **နိုင်ငံတော်၏ ကျောင်းပညာရေးကိုသာ အားကိုးကြကြောင်း၊** အများပြည်သူက ယုံကြည်အားကိုးကြသည့်အတိုင်း ကျောင်းသားကျောင်းသူများ ကျောင်းပညာရေးတွင် ပညာတော်၊ ပညာတတ်၊ ဘက်စုံထူးချွန်သည့် လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရေးကို အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့်၊ ဗလငါးတန်နှင့်ပြည့်စုံသည့်၊ အရည်အချင်းပြည့်ဝသည့် လူငယ်များကို မွေးထုတ်ပေးနိုင်ရန်မှာ ဆရာ ဆရာမများ၏ သွန်သင်ဆုံးမမှု ကောင်းမွန်ရေး အပေါ်မှာ တည်မှီနေကြောင်း။



မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာညွန့်ဖေနှင့် ဒေါက်တာမျိုးသိန်းကျော်တို့က မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

စာမျက်နှာ ၄ သို့ ○






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

◌ စာမျက်နှာ ၃ မှ

☆ **လူတိုင်း KG+9 အထိ ပြီးမြောက်အောင်မြင်ရေးအတွက် မသင်မနေရ သင်ကြားနိုင်ရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊ အထူးသဖြင့် အခိုက်အတန့် ကျောင်းအပ်လျော့နည်းနေသည့် မူလတန်းအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ မိဘများ၊ ရပ်မိရပ်ဖများ ပူးပေါင်းပြီးလှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ ရှင်းပြခြင်း၊ အားပေးပံ့ပိုးခြင်း နည်းလမ်းအသွယ်သွယ်ဖြင့် စဉ်ဆက်မပြတ် ဆက်လက်ပြီး ဝိုင်းဝန်းဆောင်ရွက်**

အခြေခံပညာ ကဏ္ဍတွင် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့သည့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ကျောင်းသားဦးရေ ၅ ဒသမ ၃ သန်းရှိရာမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ရှစ်သန်းကျော်အထိ တိုးတက်လာခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဇွန် ၂၁ ရက်အထိ ကျောင်းအပ်နှံသူ ၇ ဒသမ ၃ သန်းကျော် ရှိပြီဟု သိရကြောင်း။

ဖြစ်ပေါ် တိုးတက်နေသည့် **ကမ္ဘာ့အခြေအနေများအရ လူ့ဘဝ ရပ်တည်ရန်အတွက် လူ တစ်ယောက်သည် အနည်းဆုံး အလယ်တန်းပညာအဆင့်အထိ တတ်သင့်ကြောင်း၊** ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် လူတိုင်း KG+9 အထိ ပညာသင်ကြားရန် ဦးတည်ချက် ချမှတ်ထားကြောင်း၊ အဆိုပါဦးတည်ချက် ပေါက်မြောက်အောင်မြင်ရန် လူတိုင်း KG+9 အထိ ပြီးမြောက် အောင်မြင်ရေးအတွက် မသင်မနေရ သင်ကြားနိုင်ရေး၊ ကျောင်းနေအရွယ် ကလေး အားလုံး ပညာသင်ကြားနိုင်ရေး၊ အထူးသဖြင့် အခိုက်အတန့် ကျောင်းအပ် လျော့နည်းနေသည့် မူလတန်းအရွယ် ကလေးတိုင်း ကျောင်းအပ်နှံရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆရာ ဆရာမများ၊ မိဘများ၊ ရပ်မိရပ်ဖများ ပူးပေါင်းပြီးလှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ ရှင်းပြခြင်း၊ အားပေးပံ့ပိုးခြင်း နည်းလမ်း အသွယ်သွယ်ဖြင့် စဉ်ဆက်မပြတ် ဆက်လက်ပြီး ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

တစ်ဖက်တွင်လည်း အလယ်တန်းနှင့် အထက်တန်းတွင် ကျောင်းဝင်နှုန်း တိုးမြင့်လာပြီး တန်းစဉ်ကူးပြောင်းမှုနှုန်း မြင့်မားလာသည်နှင့် ကျောင်းထွက်မှုနှုန်း လျော့နည်းသွားသည်ကိုလည်း တွေ့ရကြောင်း၊ အလယ်တန်းအဆင့် Grade-9 အောင်မြင်ပြီးမြောက်သူများအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် သက်မွေးပညာရေးအပါအဝင် သင်ယူမှုအခွင့်အလမ်းများကို ယခုထက် ပိုမိုဖော်ထုတ် အားပေးသွားကြရန် တိုက်တွန်း ပြောကြားလိုကြောင်း။

ယခု ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ဇွန် ၁၁ ရက်က ထုတ်ပြန်ကြေညာခဲ့ရာတွင် တစ်နိုင်ငံလုံးဖြေဆိုသူ ၁၂၈၈၂၀ ရှိခဲ့ပြီး ၇၄၅၉၂ ဦး အောင်မြင်ခဲ့သည့် အတွက် အောင်မြင်မှု ရာခိုင်နှုန်းမှာ ၅၇ ဒသမ ၉ ဖြစ်ကြောင်း၊ အောင်မြင်သူအားလုံးနီးပါး အဆင့်မြင့်ပညာ ဆက်လက်သင်ယူနိုင်ရေး ဝိုင်းဝန်းကြိုးစား တိုက်တွန်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကထားသည့်နိုင်ငံ ဖြစ်သည့်အတွက် စနစ်ကျသော စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သော ကုန်ထုတ်လုပ်မှုများ ပြုလုပ်နိုင်ရန် ကျွမ်းကျင်သူများစွာ လိုအပ်ကြောင်း၊** ထို့ကြောင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွင်း ခရိုင် ၈၄ ခုတွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၅ ကျောင်း ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း၊ အဆိုပါကျောင်းများတွင် အလယ်တန်းအဆင့်ပြီးသူများ တက်ရောက်နိုင်ပြီး တန်ဖိုးမြင့် ထုတ်ကုန်များနှင့် ဈေးကွက်အတွက် လိုအပ်သည့်ကျွမ်းကျင်မှု အရည်အသွေးများကို ဖြည့်ဆည်းပေးနိုင်ရန် လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း။

အတန်းပညာ တတ်မြောက်ရေးအတွက် စာသင်ကျောင်း၊ စာသင်ဆောင်၊ စာသင်ခန်း၊ စာကြည့်တိုက်၊ သန့်စင်ခန်း၊ အားကစားရုံ၊ အားကစားကွင်း၊ အခြေခံအဆောက်အအုံ၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံမှု၊ နည်းပညာအသုံးပြု သင်ကြားနည်းစနစ်များ ပံ့ပိုးမှု၊ အင်တာနက်ရရှိမှု၊ သောက်ရေသုံးရေရရှိမှု၊ သင်ယူမှုပတ်ဝန်းကျင်ကောင်းနှင့် ကျောင်းဥပမိရပ်ကောင်းမွန်မှု စသည်တို့နှင့် ပြည့်စုံရန်လည်းလိုအပ်ကြောင်း၊ ထို့ပြင် အရည်အသွေးရှိသည့် ဆရာအရေအတွက် လုံလောက်မှု၊ ဆရာအရည်အသွေးမြှင့် မွမ်းမံသင်တန်းများပို့ချမှု၊ သင်ရိုးညွှန်းတမ်း ခေတ်မီမှု၊ ကျောင်းသား ဗဟိုပြုသင်ကြားနည်းစနစ်များ မှန်ကန်မှု၊ စစ်ဆေးအကဲဖြတ် စနစ်ကောင်းမွန်မှု၊ စီမံခန့်ခွဲကြီးကြပ်မှုနှင့် သက်သာချောင်ချိရေးပံ့ပိုးမှု စသည်များသည် ဟန်ချက်ညီညီ ပြည့်စုံလုံလောက်မည်ဆိုပါက နိုင်ငံ၏ ပညာရေးအဆင့်သည် အချိန်တို အတွင်း တိုးတက်လာမည်ဟု ယုံကြည်သည့်အတွက် နိုင်ငံတော်က ပညာရေးကိုဦးစားပေးပြီး တိုးမြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ မိဘဆရာများ၊ ကျောင်းသား ကျောင်းသူများ ကိုယ်တိုင်ကလည်း မိမိကျောင်း၏ ကောင်းသည့် ဂုဏ်သတင်း ကျော်ကြားမှုများကို တန်ဖိုးထား ထိန်းသိမ်း မြှင့်တင်နေကြမည် ဆိုပါက ကျောင်းတစ်ကျောင်းချင်းစီမှသည် တစ်နိုင်ငံလုံးအတိုင်း အတာအထိ ပညာရေးဂုဏ်သတင်း သင်းပျံ့လာမည်မှာ မလွဲကေန်ပင် ဖြစ်ကြောင်း။ စာမျက်နှာ ၅ သို့ ◌





## ကြည့်ရှုအားပေး

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ပညာစံအရေး၊ ညီလာခံတေး" အဖွင့်သီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

- ❖ အဆင့်မြင့်ပညာရပ်များကို သင်ယူခြင်းသည် ဘွဲ့အဆင့်အတန်းတစ်ခု ရရှိရန်အတွက်သာမဟုတ်ဘဲ လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေပြီး ဘက်စုံအသိဉာဏ်ကြွယ်ဝသည့် နိုင်ငံသားများပေါ်ပေါက်စေကြောင်း၊ အရည်အသွေးရှိသည့် အဆင့်မြင့်ပညာရပ်များကို နှံ့စပ်စွာ တတ်မြောက်ထားသည့် ဘွဲ့ရပညာတတ် များစွာပေါ်ထွက်လာမှသာ နိုင်ငံအတွက် ပိုမိုအကျိုးရှိနိုင်မည်ဖြစ်
- ❖ တက္ကသိုလ်များတွင် ပညာရပ်နယ်ပယ်တစ်ခု၊ ဘာသာရပ်တစ်ခု၏ အခြေခံအဆင့်မှ တန်းမြင့်အဆင့်ထိ လွှမ်းခြုံသည့် သင်ရိုးညွှန်းတမ်းများ တိကျစွာ သတ်မှတ်ပြဋ္ဌာန်းထားသည့်အတွက် တက္ကသိုလ်ကျောင်းသားများအနေဖြင့် မိမိသင်ယူလေ့လာသည့် ဘာသာရပ်၏ အခြေခံကောင်းများကို ရရှိပြီး နှံ့စပ်စွာ နားလည်တတ်မြောက်နိုင်မည်ဖြစ်

❂ စာမျက်နှာ ၄ မှ

ကျောင်းကောင်စီ ကတိသစ္စာလေးချက်နှင့်အညီ မိမိကိုယ်ကို၊ မိမိအတန်း၊ မိမိကျောင်း၊ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားကြရာတွင် ကျောင်းသားကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို မှန်ကန်တည့်မတ်ပေးရေးသည် ဆရာ ဆရာမများ၏ တာဝန်များပင်ဖြစ်ကြောင်း။

**လေ့ကျင့်ပျိုးထောင်ပေးကြရမည်**

ယဉ်ကျေးလိမ္မာရန်၊ ရိုးသားဖြောင့်မတ်ရန်၊ စိတ်ထားဖြူစင်ရန်၊ ကိုယ်ချင်းစာစိတ် ရှိရန်၊ ပြည်သူ့နီတိနှင့်အညီ ပြုမူနေထိုင်တတ်ရန်၊ တာဝန်ယူမှု တာဝန်ခံမှု စိတ်ဓာတ်ရှိရန်၊ အချိန်ကိုလေးစားရန်၊ စုပေါင်းဆောင်ရွက်တတ်ရန်၊ အတ္တပရမှျတရန်၊ တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်ရှိရန် စသည့်စိတ်ဓာတ်ကောင်းများနှင့် အမူအကျင့်ကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း။

အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းကဆိုသည့်အတိုင်း မိမိစာသင်ခန်းအတွင်း၊ မိမိကျောင်းဝင်းအတွင်း အမှိုက်ပစ်ခြင်း၊ စာသင်ခုံများအပေါ်တွင် ရေးခြစ်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းကအစ လုံးဝမပြုလုပ်ရန် ကျောင်းစည်းကမ်း လိုက်နာခြင်းမှအစပြုပြီး ဥပဒေစည်းမျဉ်းစည်းကမ်းများကိုလေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသား အလေ့အကျင့်ကောင်းများ ကိန်းအောင်းလာကြစေရန် လေ့ကျင့်ပေးသွားကြရမည်ဖြစ်ကြောင်း။

**စာဖတ်ဝိုင်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်**

ကျေးလက်နေပြည်သူများ အပါအဝင် ပြည်သူတစ်ရပ်လုံး စာတတ်မြောက်ရေးအတွက် စာမတတ်သူ ပပျောက်ရေး စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ပြီး စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်ဝိုင်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးခြင်းအားဖြင့် စာမတတ်သူ ပပျောက်ရေးမှသည် စာမဖတ်သူ ပပျောက်ရေးအထိ တိုးချဲ့ဆောင်ရွက်သွားကြရန်လည်း မှာကြားလိုကြောင်း။

အဆင့်မြင့် ပညာရပ်များကို သင်ယူခြင်းသည် ဘွဲ့အဆင့်အတန်းတစ်ခု ရရှိရန်အတွက်သာမဟုတ်ဘဲ လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေပြီး ဘက်စုံ အသိဉာဏ်ကြွယ်ဝသည့် နိုင်ငံသားများ ပေါ်ပေါက်စေကြောင်း၊ အရည်အသွေးရှိသည့် အဆင့်မြင့်ပညာရပ်များကို နှံ့စပ်စွာ တတ်မြောက်ထားသည့် ဘွဲ့ရပညာတတ်များစွာ ပေါ်ထွက်လာမှသာ နိုင်ငံအတွက် ပိုမိုအကျိုးရှိနိုင်မည်ဖြစ်ကြောင်း။

တက္ကသိုလ်များတွင် ပညာရပ်နယ်ပယ်တစ်ခု၊ ဘာသာရပ်တစ်ခု၏ အခြေခံအဆင့်မှ တန်းမြင့်အဆင့်ထိ လွှမ်းခြုံသည့် သင်ရိုးညွှန်းတမ်းများ တိကျစွာ သတ်မှတ်ပြဋ္ဌာန်းထားသည့်အတွက် တက္ကသိုလ်ကျောင်းသားများအနေဖြင့် မိမိသင်ယူလေ့လာသည့် ဘာသာရပ်၏ အခြေခံကောင်းများကို ရရှိပြီး နှံ့စပ်စွာ နားလည်တတ်မြောက်နိုင်မည်ဖြစ်ကြောင်း။

တက္ကသိုလ် ပညာရေးသည် ဆန်းစစ်ဝေဖန်မှုစွမ်းရည်၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်မှု စွမ်းရည်၊ ပြဿနာကို ဖြေရှင်းသည့်စွမ်းရည်၊ စုပေါင်းဆောင်ရွက်မှု စွမ်းရည်တို့ကို မြှင့်တင်ပေးသည့်အတွက် အနာဂတ်တွင် မိမိအတွက်ရော၊ နိုင်ငံအတွက်ပါ အလွန်တန်ဖိုးရှိသည့် စွမ်းရည်များ၊ အလေ့အကျင့်ကောင်းများကိုလည်း ရရှိစေမည်ဖြစ်ကြောင်း။

ထို့ကြောင့်မြန်မာနိုင်ငံတက္ကသိုလ်များတွင် တက္ကသိုလ်ကျောင်းသားများ နိုင်ငံတကာအရည်အသွေးမီ အဆင့်မြင့်ပညာကို လေ့လာသင်ယူခွင့်ရရှိစေရန်အတွက် သင်ရိုးညွှန်းတမ်းများကို ပြန်လည်သုံးသပ်မွမ်းမံခဲ့သကဲ့သို့ ဆရာ ဆရာမ အရည်အသွေးမြှင့် မွမ်းမံသင်တန်းများ တိုးမြှင့်ဖွင့်လှစ်လေ့ကျင့်ပေးကြရမည် ဖြစ်ကြောင်း၊ သင်ကြားနည်းဗျူဟာများကို တက္ကသိုလ်ပါမောက္ခများ၏ကြီးကြပ်မှုနှင့် ထိရောက်စွာ အသုံးချပြီး သင်ကြားသင်ယူမှုကို မြှင့်တင် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြား လိုပါကြောင်း။

ပညာတတ် နိုင်ငံသားများ အများဆုံးရှိနေသည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှု အမြင့်ဆုံး နိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြမည်ဖြစ်ကြောင်း၊ "ပညာတတ်" နိုင်ငံသားများဆိုသည်မှာ "အရည်အချင်း"ကို ဆိုလိုပြီး "အများဆုံး" ရှိသည်ဆိုသည်မှာ "အရေအတွက်" ကိုဆိုလိုကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံသည်လည်း အရည်အချင်းရှိသည့် ပညာတတ်များအရေအတွက် အများကြီးရှိသည့် နိုင်ငံဖြစ်လာရန် လိုအပ်သည်မှာ ပေါ်လွင်ထင်ရှားနေကြောင်း၊ အရည်အသွေး အာမခံမှုရှိစေရန် ရလဒ်အခြေပြုပညာရေးစနစ် (Outcome-based Education) ကို ပီပြင်စွာ အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း။

စာမျက်နှာ ၆ သို့ ❂



ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီရုပ်မြင်သံကြားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနတို့မှ အနုပညာရှင်များက "စာသင်ကျောင်းက ခေါင်းလောင်းသံ" တေးသီချင်း၊ "ဖူးပွင့်ဝေစီ အနာဂတ်ဆီ" တေးသီချင်းနှင့် "ပညာနှင့် သစ္စာ" တေးဂီတ ကဇာတ်တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။






✪ စာမျက်နှာ ၅ မှ

ကျောင်းသားဗဟိုပြု သင်ကြားသင်ယူမှုစနစ်ကို ကျင့်သုံးပြီး ကျောင်းသားများ၏ စဉ်းစားတွေးခေါ်မှု၊ ဆန်းသစ်တီထွင် ဖန်တီးမှုစွမ်းရည်များကို အားပေးသည့် သင့်တော်မည့် သင်ခန်းစာများ၊ လေ့ကျင့်ခန်းများ၊ သင်ကြားနည်းစနစ်များ၊ လုပ်ငန်းစဉ်များကို ရွေးချယ်အသုံးပြုပြီး ကျောင်းသားများ၏ နိုးကြားတက်ကြွသည့် Active Learning ဖြစ်အောင် သင်ကြားလေ့ကျင့် ပေးစေလိုကြောင်း။

**နိုင်ငံအကျိုးပြုသုတေသန ရလဒ်များ ဖော်ထုတ်**

ထိုသို့ဆောင်ရွက်သည့် နေရာတွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများပါ သုတေသန ပရောဂျက်အခြေပြု သင်ကြားသင်ယူမှုစနစ်ကို ကျင့်သုံးကြသည့်အခါ ကျောင်းသား ကျောင်းသူ အုပ်စုတစ်ခုချင်းစီအလိုက် သင့်တော်မည့် သုတေသနပရောဂျက်ခေါင်းစဉ်များကို ချမှတ်ပေးနိုင်ရန် ဆရာ ဆရာမများ ကိုယ်တိုင်က စာကြည့်တိုက်မှ ဖြစ်စေ၊ အင်တာနက်မှဖြစ်စေ ကြိုတင်ရှာဖွေရန် လိုအပ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ ပရောဂျက်ပြုလုပ်ရာတွင်လည်း စာကြည့်တိုက်များ၊ အင်တာနက်များကို အသုံးပြုပြီး ရှာဖွေလေ့လာဖတ်ရှုမှသာ ပရောဂျက်ကို အောင်အောင်မြင်မြင်ဖြင့် စုပေါင်းဆောင်ရွက်တတ်အောင် တက္ကသိုလ်များတွင်လည်း စာကြည့်တိုက်ယဉ်ကျေးမှုကို ထူထောင်ကြရန်နှင့် နိုင်ငံအကျိုးပြု သုတေသနရလဒ်များ ဖော်ထုတ်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်များဖြင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးကို တည်ဆောက်သွားနိုင်ရန် ယခုညီလာခံကို တက်ရောက်လာသည့် ပညာရှင်များအားလုံးက **"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကိုပိုမိုမြှင့်တင်ပေး"** ဆိုသည့် ဦးတည်ချက်နှင့် ဖတ်ကြားဆွေးနွေးကြမည့် ညီလာခံစာတမ်း ၃၆ စောင်အပေါ် အခြေပြုညှိနှိုင်းဆွေးနွေးအဖြေရှာကာ ရေတိုရေရှည် လုပ်ငန်းအစီအမံများ ချမှတ်ပြီး အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၄) အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီရုပ်မြင်သံကြားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနတို့မှ အနုပညာရှင်များက "စာသင်ကျောင်းက ခေါင်းလောင်းသံ" တေးသီချင်း၊ "ဖူးပွင့်ဝေစီ အနာဂတ်ဆီ" တေးသီချင်းနှင့် "ပညာနှင့်သစ္စာ" တေးဂီတကဇာတ်တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

**ဂါရဝပြုပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) အထိမ်းအမှတ်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုခဲ့ကြသည်။

အဆိုပါ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ကို **"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို ပိုမိုမြှင့်တင်ပေး"**ဟူသည့် ဦးတည်ချက်နှင့်အညီ ပညာရေးဝန်ကြီးဌာနနှင့် ပညာရေးဆိုင်ရာ အခြားဆက်စပ်ဝန်ကြီးဌာနများ အတူတကွပူးပေါင်း၍ ဇွန် ၂၇ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)အထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုစဉ်။

# မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ကျင်းပ

**နေပြည်တော် ဇွန် ၂၅**

"လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို ပိုမိုမြှင့်တင်ပေး" ဦးတည်ချက်ဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေး ညီလာခံ (၂၀၂၄)ကို ဇွန် ၂၅ ရက်မှ ၂၇ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပညာရှင်ကြီးများ၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။





**ဆွေးနွေးညှိနှိုင်းကြမည်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေး ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးဝန်ကြီးဌာနက အဓိက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော်လည်း ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် နယ်ပယ်အလိုက် လုပ်ငန်းသဘာဝအလိုက် လေ့ကျင့်သင်ကြားပေးလျက်ရှိသည့်အတွက် ယခုကျင်းပသည့် ညီလာခံတွင် ဝန်ကြီးဌာန ၁၁ ခု ပူးပေါင်းညှိနှိုင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆွေးနွေး ညှိနှိုင်းကြမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ကျင်းပသည့် ပညာရေးညီလာခံတွင် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများက စာတမ်းများ ဖတ်ကြားတင်သွင်း ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် မူလတန်းအရွယ်မှ လုပ်ငန်းခွင်ဝင်မည့်အရွယ်ထိ လူငယ်လူရွယ်များကိုအဘက်ဘက်မှပြည့်စုံစေရန် ကြိုးစားသင်ကြားပေးလျက်ရှိရာ လိုအပ်ချက်၊ လစ်ဟာချက်များရှိခဲ့ပါက ယခုကျင်းပသည့်မြန်မာနိုင်ငံလုံးဆိုင်ရာ ညီလာခံကြီးက ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များက ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ ယခုကျင်းပသည့် ညီလာခံအနေဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့် နိုင်ငံ့သားကောင်းများ ပြုစုပျိုးထောင်ရေး၊ စွမ်းဆောင်နိုင်သော ပြည်သူပြည်သားများ ပေါ်ထွက်လာစေရေးအတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုကာ နိုင်ငံတော်အစိုးရ၏ မျှော်မှန်းချက်များ အောင်မြင်စေရေးအတွက် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းပြောကြားသည်။

**ဆက်လက်ကျင်းပ**

ထို့နောက် ကဏ္ဍအလိုက် ရေတိုရေရှည်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦးက သဘာပတိအဖြစ်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က တွဲဖက်သဘာပတိများအဖြစ်လည်းကောင်း ဆောင်ရွက်ကြသည်။

ယင်းနောက် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက အခြေခံပညာကဏ္ဍနှင့်ပတ်သက်၍လည်းကောင်း၊ မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက အဆင့်မြင့်ပညာကဏ္ဍနှင့် ပတ်သက်၍လည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးနှင့် ပညာလေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဉာဏ်ဝင်းသန်းက သက်မွေးပညာကဏ္ဍနှင့် ပတ်သက်၍လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) ပါမောက္ခချုပ် ဦးအောင်သိုက်ထွန်းက ဆရာအတတ်ပညာကဏ္ဍနှင့် ပတ်သက်၍လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှိုင်မြတ်သူက သုတေသနနှင့် တီထွင် ဆန်းသစ်မှုကဏ္ဍနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

**ကြည့်ရှုလေ့လာ**

ညနေပိုင်းတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) တွင် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ် ဝန်ကြီးဌာနများမှ ခင်းကျင်းပြသထားသည့် ပညာရေးပြခန်းများသို့ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပညာရေးမိသားစုများ လာရောက်ကြည့်ရှုလေ့လာကြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)ကို ဇွန် ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ထံမှ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၄ ခုနှစ် ဇွန်လ ၂၆ ရက်နေ့)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ နိုင်ငံသားများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက် မေတ္တာဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ ဇွန်လ ၂၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (ကမ္ဘာ့မူးယစ်ဆေးဝါးနေ့) အဖြစ် သတ်မှတ်ခဲ့သည့်အချိန်မှစ၍ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးအလွဲသုံးမှုကင်းစင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပလာခဲ့သည်မှာ (၃၇) ကြိမ်မြောက် ရှိပြီဖြစ်ပါသည်။

မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာတစ်ဝှမ်းရှိ သန်းပေါင်းများစွာသော လူနေမှုဘဝများကို ဆိုးရွားစွာ ထိခိုက်နစ်နာစေသည့် ဘက်ပေါင်းစုံ စိန်ခေါ်မှုတစ်ရပ်အဖြစ် ဖော်ဆောင်လျက်ရှိပါသည်။ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုသည် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှု စသည့် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဆက်နွှယ်လျက်ရှိပြီး နိုင်ငံတော်၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်စေလျက်ရှိပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့်လည်း ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို များစွာထိခိုက်စေနိုင်ပြီး ကမ္ဘာနှင့်အဝှမ်း လူသားအရင်းအမြစ်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားတစ်ဖက်မှလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါး ပြဿနာကို ထိန်းချုပ်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဘိန်းစိုက်ပျိုးမှုပြဿနာ၊ လူလုပ်မူးယစ်ဆေးဝါးထုတ်လုပ်သုံးစွဲမှုပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို စနစ်တကျဖွဲ့စည်း၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ခေတ်နှင့်လျော်ညီစေရန် ပြန်လည်သုံးသပ်ပြီး ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ အလားတူ ၁၉၉၅ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ နည်းဥပဒေကို ပြင်ဆင်သည့်နည်းဥပဒေကိုလည်း ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် ဘက်ပေါင်းစုံချဉ်းကပ်မှုများပါဝင်သည့် အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက်ကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းသုံးအဆင့်မြင့်ခေတ်မီရှာဖွေရေးကိရိယာများ ဝယ်ယူတပ်ဆင်ကာ မူးယစ်ဆေးဝါးသယ်ဆောင်မှုများကို ထိထိရောက်ရောက် ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့လက်အောက်ရှိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို တပ်ဖွဲ့ခွဲ ၁၁ ခွဲ၊ တပ်ဖွဲ့စု ၇၁ စု တို့ဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ ဖြန့်ကြက်နေရာချထားပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု အနည်းငယ်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုလျှော့ချနိုင်ရန်အတွက် ဘိန်းစိုက်ရာသီအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဆက်စပ်ဌာနဆိုင်ရာများ ပူးပေါင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်းပါဝင်လာအောင် စည်းရုံးခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ၂၀၂၃-၂၀၂၄ ခုနှစ် ဘိန်းစိုက်ပျိုးရာသီအတွင်း ဘိန်းခင်း ၆၁၈၁ ဧကကို ဖျက်ဆီးနိုင်ခဲ့ပါသည်။ ဘိန်းအစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှုအဖွဲ့၊ သီးနှံများ အစားထိုးစိုက်ပျိုးရေးအဖွဲ့နှင့် မွေးမြူရေးအဖွဲ့တို့က စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ယခင်က ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းဖြူထုတ်လုပ်မှုသည် အဓိကပြဿနာတစ်ရပ်ဖြစ်ခဲ့သော်လည်း ယခုအခါ ကမ္ဘာ့နိုင်ငံများနည်းတူ လူလုပ်မူးယစ်ဆေးဝါး (Synthetic Drug) ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုပြဿနာကို ဆိုးရွားစွာရင်ဆိုင်နေရပါသည်။ လူလုပ်မူးယစ်ဆေးဝါး (Synthetic Drug) ထုတ်လုပ်မှုလျှော့ချရေးအတွက် ထိန်းချုပ်ဓာတုပစ္စည်းနှင့် ထိန်းချုပ်ထားခြင်းမရှိသည့် ဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်လာမှုအား ထိရောက်စွာထိန်းချုပ်နိုင်မှသာ ထုတ်လုပ်မှုလျော့ကျနိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဓာတုပစ္စည်း ၃၉ မျိုးကို ထိန်းချုပ်လျက်ရှိပြီး ဓာတုပစ္စည်းများ လမ်းလွှဲမရောက်ရှိစေရေးအတွက် အဆင့်ဆင့်စစ်ဆေးကြပ်မတ်၍ ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ပနိုင်ငံများမှ ဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်မှုမရှိစေရေးနှင့် လမ်းလွှဲမရောက်ရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဓာတုပစ္စည်း တင်ပို့ရောင်းချသည့် ပြည်ပနိုင်ငံများနှင့် ပို့ကုန်ကြိုတင်သတင်းပေး (Pre-Export Notification, PEN) စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ဓာတုပစ္စည်းများ ထုတ်လုပ်နိုင်ခြင်းမရှိဘဲ ပထဝီအနေအထားအရ စက်မှုဖွံ့ဖြိုးပြီး ဓာတုပစ္စည်းထုတ်လုပ်သည့် နိုင်ငံတို့အကြား တည်ရှိနေသည့်အတွက် နယ်စပ်ဒေသများမှ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်လျက် ရှိပါသည်။ မြန်မာနိုင်ငံအတွင်းရှိ အချို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် မူးယစ်ဆေးဝါးနှင့် ပါဝင်ပတ်သက်ခြင်း မရှိကြောင်း ငြင်းဆိုနေသော်လည်း လက်တွေ့တွင်မူ ၎င်းတို့ထိန်းချုပ်ရာ နယ်မြေများ၌ ဓာတုပစ္စည်းများကို နယ်စပ်ဖြတ်ကျော် တရားမဝင် တင်သွင်းခြင်း၊ ပြည်ပမှ ဓာတုကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်းပြီး မူးယစ်ဆေးဝါး ထုတ်လုပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေချိန်တွင် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးမတည်ငြိမ်မှုများအပေါ် အခွင့်ကောင်းယူပြီး အကြမ်းဖက်သောင်းကျန်းသူများက မြို့/ရွာ များကို မီးရှို့ဖျက်ဆီးခြင်း၊ အင်အားတိုးချဲ့ခြင်း၊ ၎င်းတို့တိုင်းရင်းသားများ နေထိုင်ရာဒေသများ၌ မတည်မငြိမ်ဖြစ်အောင် အဖျက်လုပ်ငန်းများပြုလုပ်ခြင်းဖြင့် စီးပွားရေးကျဆင်းအောင်ဆောင်ရွက်ခြင်း၊ မြို့/ရွာများ၌ ပညာသင်ကြားခွင့်မရအောင် ဆောင်ရွက်ခြင်းတို့အား ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း လမ်းပန်းဆက်သွယ်ရေးများ မပြတ်တောက်စေရေးနှင့် ဒေသတည်ငြိမ်ရေး အကြမ်းဖက်သောင်းကျန်းသူများ၏ တရားမဝင် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်နေမှုကို တားဆီးနှိမ်နင်းရေးနှင့် လက်နက်/ခဲယမ်း/မီးကျောက်သယ်ယူမှုများကို တားဆီးနိုင်ရေးတို့အတွက် ငြိမ်းချမ်းရေးကို လိုလားသည့် တိုင်းရင်းသားအဖွဲ့များ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပူးပေါင်းပြီး လုံခြုံရေးနှင့်ပတ်သက်၍ လုပ်သင့်လုပ်ထိုက်သည်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများကို ၂၀၁၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ အကြိမ်ပေါင်း ၄၀ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်အတွင်း Operation 39 အထူးစစ်ဆင်ရေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့ပြီး မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ပရိကာဆာဓာတုပစ္စည်းများနှင့် မူးယစ်ဆေးဝါးများကို အောင်မြင်စွာ ဖော်ထုတ်ဖမ်းဆီးဆောင်ရွက်နိုင်ခဲ့သဖြင့် ၂၀၂၄ ခုနှစ်တွင်လည်း Operation 39/24 အထူးစစ်ဆင်ရေးကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိနေသော်လည်း ဖမ်းဆီးရမိသည့် အဓိကတရားခံများကို ထိရောက်သည့် ပြစ်ဒဏ်ချမှတ်နိုင်ရေးနှင့် အချို့တရားခံများမှာ ပြစ်ဒဏ်မှ လွတ်မြောက်ပြီးနောက် ပြစ်မှုများ ထပ်မံကျူးလွန်နေသည်ကို ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ တွေ့ရှိရသည့်အတွက် တရားခံများ၏ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်ရာမှ ရရှိသည့်ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် ထိထိရောက်ရောက် သိမ်းဆည်းအရေးယူသွားမည် ဖြစ်ပါသည်။

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို နှစ်စဉ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့များတွင် မီးရှို့ဖျက်ဆီးလျက်ရှိရာ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့၌ ငွေကျပ် ၉၃၆ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့တွင် မီးရှို့ဖျက်ဆီးနိုင်ခဲ့ပါသည်။

"ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ကောင်းသည်" ဟူသည့်စကားအတိုင်း ကျောင်းသားလူငယ်များအတွက် အဆင့်မြင့်နှင့် အခြေခံပညာကျောင်းများ၊ ကျောင်းပြင်ပစခန်းများတွင် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူတစ်ရပ်လုံး မူးယစ်ဆေးဝါးအန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိရှောင်ရှားနိုင်ရန်အတွက် အသိပညာပေးလှုံ့ဆော်ရေး လုပ်ဆောင်မှုများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး စသည့် အဖွဲ့အစည်း ၅ ခု ဖြင့် မူးယစ်ဆေးဝါးပညာပေးရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးစွဲလူနာများ ကုသရေးနှင့် နောက်ဆက်တွဲအန္တရာယ်လျှော့ချရေးအတွက် နိုင်ငံတစ်ဝှမ်းလုံးတွင် ဆေးကုသရေးဌာနကြီး ၂၉ ခု၊ ဌာနငယ် ၅၆ ခုနှင့် မက်သာဒုံးဆေးခန်း ၉၀ တို့ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း မူးယစ်ဆေးစွဲလူနာ ၂၆၅၉၅ ဦးအား ကုသပေးနိုင်ခဲ့ပြီး ၂၃၈၇၅ ဦးအား မက်သာဒုံးတိုက်ကျွေးနိုင်ခဲ့ပါသည်။ မူးယစ်ဆေးဖြတ်ပြီးသူများ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက်လည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြန်လည်ထူထောင်ရေးစခန်းများ ၁၄ ခုကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေး လုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ရန်ကုန်မြို့အခြေစိုက် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် UNODC (United Nations Office on Drugs and Crime)၊ AFP (Australian Federal Police)၊ DEA (Drug Enforcement Administration)၊ NNCC (National Narcotics Control Commission)၊ ONCB (Office of Narcotics Control Board) တို့နှင့်လည်း ပိုမိုတိုးမြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ၂၀၂၃ ခုနှစ်အတွင်း (၂၄) ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးအားလည်းကောင်း၊ (၄၄) ကြိမ်မြောက် အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးအားလည်းကောင်း၊ ၂၀၂၄ ခုနှစ်အတွင်း (၇) ကြိမ်မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ညွှန်ကြားရေးမှူးချုပ်အဆင့် အစည်းအဝေးအားလည်းကောင်း၊ ASOD (The ASEAN Senior Officials Meeting on Drug Matters) တာဝန်ခံများ၏ အာဆီယံစီမံချက်များ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲအား လည်းကောင်း၊ (၁၆)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါး စောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်းကွန်ရက်အစည်းအဝေးအား လည်းကောင်း မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် ဦးဆောင်ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတကာနှင့် မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ ယခုနှစ် (၃၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) မှ ပေးပို့သည့်ဆောင်ပုဒ် " The Evidence is clear : invest in Prevention" "မူးယစ်အန္တရာယ်ကင်းစင်ရေး၊ ဘက်စုံကြိုတင်ကာကွယ်ပေး" ဆိုသည့်အတိုင်း နိုင်ငံတိုင်းအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးတို့ကို အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံတော်အစိုးရအနေဖြင့် နည်းလမ်းအသွယ်သွယ်ဖြင့် အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်နေသလို တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှု အင်အားဖြင့် ဘက်ပေါင်းစုံမှ ပူးပေါင်းပါဝင်ကူညီပေးကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(၃/၂၀၂၄)အစည်းအဝေးသို့ တက်ရောက်

**မန္တလေး ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(၃/၂၀၂၄)အစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ယနေ့ မွန်းလွဲပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က စားရေရိက္ခာဖူလုံရေးနှင့် ထုတ်ကုန်များ ပြည်တွင်း၌ ပိုလျှံပြီး ပြည်ပတင်ပို့နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများနှင့် ဆက်စပ်နေသော ထုတ်လုပ်မှုကွင်းဆက်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်အောင် မူဝါဒများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ တိုင်းဒေသကြီးအတွင်း ဒေသနှင့် ကိုက်ညီသင့်လျော်သည့် လုပ်ငန်းများကို ဖော်ထုတ်၍ ဒေသတစ်ခု ထွက်ကုန်တစ်ခု ပေါ်ထွက်လာစေရေးကို ကာလတိုကာလလတ်အစီအမံများချမှတ်၍ ဆောင်ရွက်နေပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြှင့်တင်ဆောင်ရွက်ရာတွင် Investor Targeting စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယနေ့ အစည်းအဝေးတွင် အတည်ပြုမိန့် လျှောက်ထားလာသော လုပ်ငန်း ၂ ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏတိုးမြှင့်တင်ပြလာသော လုပ်ငန်း ၁ ခု၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားပြောင်းတင်ပြလာသော လုပ်ငန်း ၁ ခု တို့ကို တင်ပြလာသည်ကို တွေ့ရှိရပါကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ရင်းနှီးမြှုပ်နှံမှုအတည်ပြုမိန့်များကို မြန်ဆန်သွက်လက်စွာစိစစ်ခွင့်ပြုချထားပေးလျက်ရှိပြီး လုပ်ငန်းများ လွယ်ကူလျင်မြန်စေရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားခဲ့သည်။




ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြလျှောက်ထားလာသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ကြုံတွေ့နေရသည့် အခြေအနေများကို လည်းကောင်း၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး ဒေါက်တာမင်းဇော်ဦးက တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ ဆွေးနွေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြ ချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

➤ စာမျက်နှာ ၂၄ မှ

နိုင်ငံတစ်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လူ့ အရင်းအမြစ်များကို အခြေခံ၍ တည်ဆောက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်၊ လူရွယ်များအား အဓိကပြုစုပျိုးထောင်၍ ဝိုင်းဝန်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်က ပညာသင်ခြင်းသည် နိုင်ငံ၏ အနာဂတ်အတွက် မရှိမဖြစ် အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ်ပျိုးထောင်ခြင်းဖြစ်၍ လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေရန်၊ စာပေလေ့လာဖတ်ရှုနိုင်သည့် ပတ်ဝန်းကျင်များ ဖန်တီးပေးရန် လမ်းညွှန်ထားပါကြောင်း၊ စာပေဖတ် ရှုလေ့လာခြင်းဖြင့် အသိပညာ ဗဟုသုတများစွာရရှိနိုင်သဖြင့် စာအုပ်စာပေကိုခင်တွယ်ပြီး တန်ဖိုးထားဖတ်ရှုကြရန်လိုပါကြောင်း၊ စာအုပ်စာပေလေ့လာ ဖတ်ရှုရာတွင် ဖတ်ရှုရုံသက်သက် မလုပ်ဘဲ ဖတ်သမျှကို မှတ်သားခြင်း၊ မှတ်သားမိသမျှကိုလည်း ပြန်လည်မျှဝေဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ နောင်တစ်ခေတ်တွင် တိုင်းပြည်က အားကိုးအားထားပြုရမည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာစာကြည့်တိုက်အသစ် ၁၇ လုံး ဆောက်လုပ်နိုင်ရေးအတွက် ငွေကျပ်သိန်း ၂၅၅၀ နှင့် ဒေသခံပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်ရန် ကျေးရွာစာကြည့်တိုက် ၆၀၀ အတွက် စာအုပ်စာစောင် ၁၂၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က လက်ခံရယူပြီး ပြင်ဦးလွင်မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများအတွက် DTH စလောင်း ၇ စုံနှင့် DVB T2 Set Top Box ၇ လုံးတို့အား ပေးအပ်လှူဒါန်းခဲ့ရာ အခြေခံပညာကျောင်းများမှ ကျောင်းအုပ် ဆရာ၊ ဆရာမကြီးများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် စာရေးဆရာ ဦးအောင်သင်း(ကိုရွှေအောင်သင်း)က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်/စာစောင်များကို ပေးအပ်လှူဒါန်းရာ ခရိုင်ပညာရေးမှူး ဒေါ်ရွှေစင်အိက လက်ခံရယူသည်။

**ဖျော်ဖြေတင်ဆက်**

ဆက်လက်၍ နိုင်ငံကျော် အနုပညာရှင်များဖြစ်သည့် အကယ်ဒမီ အုန်းသီး၊ ဒိန်းဒေါင်နှင့် ငြိမ်းချမ်းတို့က ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် အမှတ်(၃)အခြေခံပညာအထက်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ထာဝရမြန်မာ"သီချင်းဖြင့်လည်း ကောင်း၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "အောင်မြင်ပါစေမြန်မာပြည်"သီချင်းဖြင့် လည်းကောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ဘက်စုံပညာရည်တို့လှမ်းချီ" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အကအဖွဲ့များအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ကာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့် တင်ရေးပွဲတော်အတွင်း ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ ဌာနဆိုင်ရာပြခန်းများ၊ ဓာတ်ပုံပြပွဲများ၊ ပုံပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဂိမ်းပြိုင်ပွဲများ ကျင်းပနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယခုကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ ပြင်ဦးလွင်မြို့ရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၄၀၀၀ ခန့်တက်ရောက်ခဲ့ကြပြီး ပွဲတော်တွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုလေ့လာကာ ပြိုင်ပွဲများနှင့် ဖျော်ဖြေပွဲများတွင်လည်း ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုများ ချီးမြှင့်

**မန္တလေး ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးလုပ်ငန်းကော်မတီရှိ အခြေစိုက်ယာဉ်အသင်းများမှ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ အသင်းဂိတ်ဝန်ထမ်းများ၏ သားသမီးများမှ ၂၀၂၃-၂၀၂၄ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးနှင့် ရိုးရိုးအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ၄င်းကော်မတီရုံးရှိ ရွှေမန္တလေးခန်းမတွင် ကျင်းပခဲ့သည်။



**(အောက်ပုံ)**

"မြို့နယ်ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၊ အဝေးပြေးယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ စတဲ့ ယာဉ်ရပ်နားစခန်းတွေက ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နဲ့ အသင်းဂိတ်ဝန်ထမ်းတွေရဲ့ သားသမီး ကျောင်းသား၊ ကျောင်းသူတွေကို ချီးမြှင့်တာပါ၊ ယာဉ်လောကကို အကျိုးပြုစေရေး ရည်ရွယ်ပြီး ၂၀၁၈ ခုနှစ်က ထူထောင်ထားတဲ့ ပညာရေးဖောင်ဒေးရှင်းကနေ ထူးချွန်စွာအောင်မြင်ပြီး ပညာဆက်လက်သင်ကြားဖို့ အခက်အခဲရှိသူတွေကို ကူညီထောက်ပံ့ပေးသွားမှာပါ"ဟု မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်လင်းက ပြောသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်စိုးက အဖွင့်အမှာစကားကို လည်းကောင်း၊ တိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်လင်းက ပညာရည်ချွန်ဆုချီးမြှင့်ရခြင်းနှင့် ပညာရေးဖောင်ဒေးရှင်းဖွဲ့စည်းဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း ပြောကြားပြီးနောက် တာဝန်ရှိသူများက ဂုဏ်ထူးများဖြင့် အောင်မြင်သူ ၆ ဘာသာဂုဏ်ထူး ရှင်အပါအဝင် ၅ ဦး၊ ရိုးရိုးအောင်မြင်သူ ၁၃ ဦး တို့ကို ပညာရည် ချွန်ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

နေပြည်တော် ဇွန် ၂၅

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)နှင့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂)တို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီး၌ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။







ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပစဉ်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၃) တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်း အသီးသီးသို့ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ သင်တန်းဖွင့်ပွဲများပြုလုပ်ကြရာ သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။







## တွေ့ဆုံအမှာစကားပြောကြား

အဆိုပါ သင်တန်းကျောင်းများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃)မှ သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံ့တာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"စစ်မှုထမ်းရမယ်ဆိုတဲ့ ကန့်သတ်ချက်နဲ့ကိုက်ညီလို့ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်အရ စိတ်ပါပြီးတော့ စာရင်းပေးပြီး ဒီကိုရောက်ရှိလာတာပါ။ ကျွန်တော်ဒီသင်တန်းပြီးဆုံးသွားရင်တော့ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်အောင်ရယ်၊ ပြီးရင် စည်းကမ်းတကျနဲ့လည်း နေထိုင်သွားမယ်။ ဒီသင်တန်းပြီးလို့ရှိရင် တာဝန်ကျတဲ့နေရာမှာ နိုင်ငံ့တာဝန်တွေကို ကျေပွန်အောင်ထမ်းဆောင်ပါမယ်" ဟု သင်တန်းသားတစ်ဦးက ပြောသည်။

"အမှတ်စဉ်(၂)မှာ စာရင်းသွားပေးတယ်။ ဒါပေမဲ့ လူစာရင်းပြည့်သွားတဲ့အတွက် ကျွန်တော်တက်ရောက်ခွင့်မရခဲ့တာပါ။ အမှတ်စဉ်(၃)မှာ ကျွန်တော့်ဆန္ဒနဲ့ကျွန်တော် ဝင်လာခဲ့တာပါ။ နိုင်ငံတကာမှာ ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းထားတဲ့အတွက်ကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း အခုလို ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းလိုက်တာ မြန်မာနိုင်ငံအတွက် အများကြီးအကျိုးရှိပါတယ်။ ကျွန်တော်တို့ ဘာသာ၊ သာသနာကို ကာကွယ်ဖို့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ အခုလို သင်တန်းတက်ရောက်လာတာပါ။ နောက်လာတက်မယ့် အမှတ်စဉ်တွေက ညီအစ်ကိုမောင်နှမတွေကိုလည်း ကျွန်တော်တို့ ဖိတ်ခေါ်ပါတယ်" ဟု သင်တန်းသားတစ်ဦးက ပြောသည်။



ပြည်သူ့ စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

"ရောက်ရှိလာတဲ့အချိန်မှာ ခံစားချက်ကတော့ တကယ့်ကို ပျော်ရွှင်တဲ့ခံစားချက်ရရှိပါတယ်။ ကိုယ့်ရှေ့မှာလုပ်နေတဲ့ စီနီယာကြီးတွေကို ကြည့်ပြီးတော့မှ အားကျရပါတယ်။ လေးလည်းလေးစားရပါတယ်။ ဒီမှာရှိတဲ့ နည်းပြတွေအကုန်လုံးကလည်း ကိုယ့်ရဲ့ ညီအစ်ကိုမောင်နှမ သွေးသားရင်းလိုမျိုး ဂရုစိုက်တဲ့အတွက် အားလုံးအစစအရာရာအဆင်ပြေပါတယ်ခင်ဗျာ။ ညီအစ်ကိုတို့ကို ပြောချင်တာကတော့ သူများ ကောလာဟလတွေကို လုံးဝ(လုံးဝ) မယုံဘဲနဲ့ ဒီမှာရှိတဲ့ ညီအစ်ကိုမောင်နှမတွေ ဘယ်လိုအဆင်ပြေနေတယ်၊ ဘယ်လို ပျော်ရွှင်နေကြတယ်ဆိုတာလေးကို သိစေချင်ပါတယ်။ လာရောက်မယ်ဆိုလို့ရှိရင်လည်း နွေးထွေးစွာ ကြိုဆိုလျက်ရှိပါတယ်ခင်ဗျာ" ဟု သင်တန်းသားတစ်ဦးက ပြောသည်။

သတင်းစဉ်

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာအစီရင်ခံစာအပေါ် မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်

မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၁၈ဝင် ကျော်နှင့်ပတ်သက်သောဖော်ပြချက်များ ပါဝင်သည့် ၂၀၂၃ ခုနှစ်အတွက်ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခ ဆိုင်ရာ အစီရင်ခံစာကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ အစီရင်ခံစာပါ မြန်မာနိုင်ငံနှင့် ပတ်သက်သည့်ဖော်ပြချက်တွင် အတည်မပြုနိုင် သော သတင်းရင်းမြစ်များနှင့် အစိုးရကိုဆန့်ကျင် သည့် အုပ်စုများထံမှရရှိသော အချက်အလက်များ အပေါ် အခြေခံထားသည့် အခြေအမြစ်မရှိသော တစ်ဖက်သတ်စွပ်စွဲချက်များနှင့် မမှန်ကန်သည့် ကိန်းဂဏန်းများပါဝင်သည်ကို တွေ့ရှိရသည်။ ထို့အပြင် အစီရင်ခံစာ၌ ချိုးဖောက်မှုကျူးလွန် သည်ဟု စွပ်စွဲခံရသူများနှင့်ပတ်သက်၍ ရှင်းလင်း စွာဖော်ပြထားခြင်းမရှိသဖြင့် ထင်ယောင်ထင်မှား ဖြစ်စေသည်။ ထို့ပြင် တပ်မတော်ကကျူးလွန်သည်ဟု စွပ်စွဲဖော်ပြထားသည့် စာရင်းတွင် လက်နက်ကိုင် အဖွဲ့အမျိုးမျိုး၏ ကျူးလွန်မှုများအား ထည့်သွင်း ထားသည်ကိုလည်း တွေ့ရှိရသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေး သူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူး ကိုယ်စားလှယ်၏ မေတ္တာရပ်ခံချက်အရ မြန်မာ အစိုးရက အချက်အလက်များအား အစီရင်ခံစာ မထုတ်ပြန်မီ ကြိုတင်ပေးပို့ခဲ့သော်လည်း ယင်း အချက်များကို အစီရင်ခံစာတွင် ထင်ဟပ်ဖော်ပြ ထားခြင်းမရှိသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေး များဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် ပါဝင်သည့် ကလေးသူငယ်များ၏ အခြေခံအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ ကလေး သူငယ်ဥပဒေ (၁၉၉၃) ကို ပြင်ဆင်အစားထိုးခဲ့သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ (၂၀၁၉) တွင် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေး သူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများ အား အရေးယူအပြစ်ပေးရန် ထည့်သွင်းပြဋ္ဌာန်း ထားပြီးဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန် မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ ဦးဆောင် မှုဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ် များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်။ အမျိုးသားအဆင့် တိုင်ကြားမှုယန္တရား အဖြစ် 4 Digits (1566) Helpline ဝန်ဆောင်မှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် စတင်ဆောင်ရွက် ခဲ့သည်။

အရွယ်မရောက်သေးသူများအား စစ်မှုထမ်း စေသည်ဟူသော စွပ်စွဲမှုများနှင့်စပ်လျဉ်း၍ အရွယ် မရောက်သေးသူ ကလေးသူငယ်များအား စစ်မှု ထမ်းခြင်းမှ ကာကွယ်တားဆီးရေးကော်မတီသည် ကုလသမဂ္ဂ စောင့်ကြည့်လေ့လာအစီရင်ခံတင်ပြ ရေးလုပ်ငန်းအဖွဲ့ (UN Country Task Force on Monitoring and Reporting) နှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ ကော်မတီအနေဖြင့် ၂၀၁၂ ခုနှစ်မှစ၍ CTFMR နှင့် အစည်းအဝေးစုစုပေါင်း ၅၈ ကြိမ် ကျင်းပခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် CTFMR ၏ စုံစမ်းချက်များအပေါ် အချက်အလက် အထောက်အထားများဖြင့် ပြန်ကြားလျက်ရှိသည်။ ၂၀၂၃ ခုနှစ်အတွင်း CTFMR ကစုံစမ်းသည့် အသက် မပြည့်သူဟု သံသယရှိသူ စုစုပေါင်း ၉ ဦးသာရှိခဲ့ သော်လည်း ယခုအစီရင်ခံစာတွင် တပ်မတော်က ၂၀၂၃ ခုနှစ်အတွင်း အသက်မပြည့်သေးသူ ၁၁၀၂ ဦးကို စစ်မှုထမ်းစေခဲ့သည်ဟု ချဲ့ကားဖော်ပြထား သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အစီရင်ခံစာ တွင်ပါဝင်သည့် အခြေအမြစ်မရှိသော စွပ်စွဲချက် များကို ကန့်ကွက်ပယ်ချပြီး၊ အပြုသဘော ဆောင်သောချဉ်းကပ်မှုဖြင့် မျှတမှုရှိပြီး ယုံကြည် လက်ခံနိုင်သော အစီရင်ခံစာများကို ထုတ်ပြန်ရန် ကုလသမဂ္ဂအားတောင်းဆိုသည်။

**လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ အပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ် တားဆီးရေးကော်မတီ**

၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်

# စဉ့်ကူးမြို့နယ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ စွပ်စွဲရေးသား ဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇွန် ၂၅

မန္တလေးတိုင်းဒေသကြီး စဉ့်ကူး မြို့နယ်ရှိကျေးရွာများကို ဇွန် ၂၃ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်မှု ကြောင့် မြသီတာကျေးရွာမှ ဒေသခံပြည်သူများ ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း မဟုတ်မမှန် စွပ်စွဲရေးသားထားသည့် သတင်း တု၊ သတင်းအမှားများကို တရား မဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှား စေရန် လွှဲဆော်ဝါဒဖြန့်ဝေနေ သည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ စဉ့်ကူးမြို့နယ် အတွင်းရှိ ကျေးရွာအချို့တွင် အကြမ်းဖက် လုပ်ငန်းများ လုပ်ဆောင်ရန် PDF အမည်ခံ အကြမ်းဖက်သမားများ ဇွန် ၂၃ ရက် ည ၁၀ နာရီခန့်က ရောက်ရှိ နေပြီး အင်အားစုဖွဲ့လျက်ရှိ ကြောင်း အကြမ်းဖက်မှုကို မလို လားသည့် တာဝန်သိပြည်သူ တစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်း ဖက်သမားများ စုဖွဲ့ရောက်ရှိနေ သည့်နေရာများအား လက်နက် ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ အကြမ်း ဖက်သမားများ ထိခိုက်သေဆုံးမှု များရှိပြီး ထွက်ပြေးသွားခဲ့ကြောင်း နှင့်ဒေသခံပြည်သူများ ထိခိုက် ဒဏ်ရာရရှိမှုမရှိကြောင်း လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြား ချက်အရ သိရသည်။

အဆိုပါအကြမ်းဖက်သမားများ က ဇွန် ၂၂ ရက်တွင်လည်း စဉ့်ကူး မြို့နယ် ကျည်တောက်ပေါက် ကျေးရွာမှ အပြစ်မဲ့ပြည်သူ တစ်ဦး ကို ဖမ်းဆီးသတ်ဖြတ်သွားခဲ့ ကြောင်း သိရသည်။ တရားမဝင် ပြည်ဖျက် မီဒီယာများသည် အကြမ်းဖက်သမားများ၏ အကြမ်း ဖက်လုပ်ရပ်များကို ဖုံးကွယ်ရန် နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှား စေရန်အတွက် မြေပြင်ဖြစ်စဉ်နှင့် ကွဲလွဲနေသည့် သတင်းတု၊ သတင်း အမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေ နေခြင်းသာဖြစ်ကြောင်း သိရ သည်။

သတင်းစဉ်




# အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် မြန်မာအသင်းက ဘရူနိုင်းအသင်းအား ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် ဇွန် ၂၆

အရှေ့တောင်အာရှ(ယူ-၁၆)ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ဒုတိယပွဲစဉ်အဖြစ် မြန်မာ အသင်းနှင့် ဘရူနိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာ အသင်းက ဘရူနိုင်းအသင်းအား ရှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ သည်။

မြန်မာအသင်းအတွက် သွင်းဂိုး ၈ဂိုးကို ပွဲချိန် ၇မိနစ်နှင့် ၂၇မိနစ်တွင် ကျော်သီဟ၊ ပွဲချိန် ၈မိနစ်နှင့် ၂၃မိနစ်တွင် သူရမင်း သန့်၊ ပွဲချိန် ၉မိနစ်တွင် ဉာဏ် အောင်၊ ပွဲချိန် ၁၈မိနစ်တွင် ကျော်ညီညီ၊ ပွဲချိန် ၃၄မိနစ်နှင့် ၅၆မိနစ်တွင် မျိုးနန္ဒအောင်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

မြန်မာအသင်းသည် အုပ်စု (ခ)ပွဲစဉ် ၂ပွဲကစားအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်ဖြင့် ရမှတ်သုံးမှတ်ရရှိထားသည်။

မြန်မာအသင်းသည် အုပ်စု (ခ) နောက်ဆုံးပွဲစဉ်အဖြစ် လာ မည့် ဇွန် ၂၈ရက်တွင် ဗီယက် နမ်အသင်းနှင့်ယှဉ်ပြိုင်ကစားသွား ရမည်ဖြစ်သည်။

(NGB)

➤ စာမျက်နှာ ၂၄ မှ

ဩစတြီးယားအသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၆မိနစ်တွင် မယ်လန်(OG)၊ ပွဲချိန် ၅၉မိနစ်တွင် ရှမစ်ဒ်၊ ပွဲချိန် ၈၀မိနစ်တွင် ဆာဘစ်ဇာတို့က သွင်းယူပေးခဲ့ပြီး၊ နယ်သာလန်အသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၄၇မိနစ်တွင် ဂတ်ပို၊ ပွဲချိန် ၇၅မိနစ်တွင် ဒီပိုင်းတို့က သွင်းယူပေးခဲ့သည်။

ဂျာမနီနိုင်ငံ၊ ဒေါ့မွန်မြို့၊ ဒေါ့မွန်ဘောလုံးကွင်းတွင် ယနေ့ မြန်မာစံတော်ချိန် ည ၁၀နာရီ ၃၀မိနစ်က ပြင်သစ်အသင်းနှင့် ပိုလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ပြင်သစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၅၆မိနစ်တွင် ဘာပေ၊ ပိုလန်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၇၉မိနစ်တွင် လီဝန်ဒေါစကီးက သွင်းယူပေးခဲ့သည်။

ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ အုပ်စု(ဃ)ပွဲစဉ် အားလုံးကစားအပြီးတွင် ဩစတြီး ယားအသင်းက ရမှတ် ၆မှတ် အုပ်စုပထမဖြင့် ၁၆သင်းအဆင့် တက်ရောက်ခဲ့ပြီး၊ ပြင်သစ် အသင်းက ရမှတ် ၅မှတ်ဖြင့် အုပ်စုဒုတိယ၊ နယ်သာလန် အသင်းက ရမှတ် ၄မှတ်ဖြင့် အကောင်းဆုံးအုပ်စုတတိယ၊ ပိုလန်အသင်းမှာမူ ရမှတ် ၁မှတ်သာရရှိခဲ့ပြီး အုပ်စုအဆင့် မှာပင် လှည့်ပြန်ခဲ့ရပြီဖြစ်သည်။

နိုင်ကမ္ဘာ




| ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ အုပ်စု (ဂ) ပွဲစဉ် | | | |
|---|---|---|---|
| အင်္ဂလန် | ၀ – ၀ | ဆလိုဗေးနီးယား | |
| ဒိန်းမတ် | ၀ – ၀ | ဆားဘီးယား | |

အင်္ဂလန်အသင်းက အုပ်စုပထမဖြင့် ၁၆သင်းအဆင့်တက်ရောက်၊ ဒိန်းမတ်အသင်းက အုပ်စု ဒုတိယ၊ ဆလိုဗေးနီးယားအသင်းက အုပ်စုတတိယ၊ ဆားဘီးယားအသင်းက အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသည်။

(NGB)




## လူကာမိုဒရစ် ယူရိုပြိုင်ပွဲတွင် အသက်အကြီးဆုံး ဂိုးသွင်းနိုင်သူအဖြစ် မှတ်တမ်းဝင်



**လန်ဒန် ဇွန် ၂၅**

ဝါရင့်ကွင်းလယ်လူကာမိုဒရစ်(အသက် ၃၈နှစ်၊၂၈၉ရက်)သည် ယူရို ၂၀၂၄ ပြိုင်ပွဲတွင် အသက်အကြီးဆုံး ဂိုးသွင်းနိုင်သူအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ယူရို ၂၀၂၄ အုပ်စု(ခ) ပွဲစဉ်အဖြစ် ခရိုအေးရှားအသင်းက အီတလီအသင်းနှင့် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အသက်(၃၈)နှစ်အရွယ်ရှိ လူကာမိုဒရစ်သည် ခရိုအေးရှားအသင်းနှင့်အတူ ၂၀၀၆မှ ၂၀၂၄ အထိ ပြိုင်ပွဲ ၁၇၈ပွဲ ကစားကာ ၂၆ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

**(အပေါ်ယာပုံ)**

(NGB)

### ဘောလုံးသတင်းအတိုအထွာများ

* ၂၀၂၄ ကိုပါအမေရိကဖလား ဘောလုံးပြိုင်ပွဲအုပ်စု(ဃ) ပွဲစဉ်တွင် ကိုလံဘီယာအသင်းက ပါရာဂွေးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။
* လီဗာပူး၊ မန်ချက်စတာစီးတီး၊ အာဆင်နယ်အသင်းတို့သည် ဘိုင်ယန်မြူးနစ်အသင်း ကစားသမား ဂျိုရှူးကင်မစ်ချ်အား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

(NGB)

### အရှေ့တောင်အာရှ(ယူ-၁၆)ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ (အုပ်စု-ဂ)ပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၆-၆-၂၀၂၄ ဗုဒ္ဓဟူးနေ့ | မွန်းလွဲ ၂း၃၀ နာရီ | ဩစတြေးလျ - မလေးရှား |
| ။ | ည ၇း၀၀နာရီ | တီမော - ထိုင်း |

## ၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ (အုပ်စုအဆင့်)

နိုင်ကမ္ဘာ

### အုပ်စု(စ)ပွဲစဉ်များ

ပွဲစဉ်(၁)ရလဒ်များ-အီကွေဒေါ ၁-၂ ဗင်နီဇွဲလား မက္ကဆီကို ၁-၀ ဂျမေကာ

**အီကွေဒေါ - ဂျမေကာ**

ဇွန် ၂၇ ရက် (ကြာသပတေးနေ့) နံနက် ၀၄း၃၀ နာရီ

နှစ်သင်းနောက်ဆုံးတွေ့ဆုံမှု

| | | | | |
|---|---|---|---|---|
| ၁၂-၈-၂၀၀၉ | အီကွေဒေါ | ၀-၀ | ဂျမေကာ | (ခြေစမ်းပွဲ) |
| ၃-၉-၂၀၁၁ | အီကွေဒေါ | ၅-၂ | ဂျမေကာ | (ခြေစမ်းပွဲ) |
| ၈-၉-၂၀၁ | အီကွေဒေါ | ၂-၀ | ဂျမေကာ | (ခြေစမ်းပွဲ) |

အီကွေဒေါတို့ သေချာပေါက်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

နှစ်သင်း၏ နောက်ဆုံး ၅ ပွဲ ရလဒ်

အီကွေဒေါ-ရှုံး၊ရှုံး၊နိုင်၊နိုင်၊ရှုံး ဂျမေကာ-ရှုံး၊နိုင်၊နိုင်၊နိုင်၊ရှုံး

**ဗင်နီဇွဲလား - မက္ကဆီကို**

ဇွန် ၂၇ ရက် (ကြာသပတေးနေ့) နံနက် ၀၇း၃၀နာရီ

နှစ်သင်းနောက်ဆုံးတွေ့ဆုံမှု

| | | | | |
|---|---|---|---|---|
| ၉-၇-၁၉၉၅ | မက္ကဆီကို | ၃-၁ | ဗင်နီဇွဲလား | (ကိုပါ အမေရိကဖလား အုပ်စု) |
| ၆-၇-၁၉၉၉ | ။ | ၃-၁ | ။ | (ကိုပါ အမေရိကဖလား အုပ်စု) |
| ၁၄-၆-၂၀၁၆ | ။ | ၁-၁ | ။ | (ကိုပါ အမေရိကဖလား အုပ်စု) |

အဖွင့်ပွဲ၌ အနိုင်ရထားသော နှစ်သင်းတွေ့ဆုံမှုဖြစ်၍ အကြိတ်အနယ်ရှိမည့် ပွဲကောင်းတစ်ပွဲဖြစ်ပြီး သရေကျရန် နီးစပ်နေကာ အနိုင်ဆိုပါက မက္ကဆီကိုအသင်းကိုသာ ကပ်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်

ဗင်နီဇွဲလား-သရေ၊ရှုံး၊ရှုံး၊သရေ၊နိုင် မက္ကဆီကို-ရှုံး၊နိုင်၊ရှုံး၊ရှုံး၊နိုင်

## ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်များ

နိုင်ကမ္ဘာ

### အုပ်စု(င)ပွဲစဉ်များ

ပွဲစဉ်(၁)ရလဒ် -ရိုမေးနီးယား ၃-၀ ယူကရိန်း ဘယ်လ်ဂျီယံ ၀-၁ ဆလိုဗက်ကီးယား

ပွဲစဉ်(၂)ရလဒ် - ဆလိုဗက်ကီးယား ၁-၂ ယူကရိန်း ဘယ်လ်ဂျီယံ ၂-၀ ရိုမေးနီးယား

### အုပ်စု(င)အမှတ်ပေးဇယား

| အဆင့် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာခြားမှု | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ရိုမေးနီးယား | ၂ | ၁ | - | ၁ | ၃ | ၂ | +၁ | ၃ |
| ၂ | ဘယ်လ်ဂျီယံ | ၂ | ၁ | - | ၁ | ၂ | ၁ | +၁ | ၃ |
| ၃ | ဆလိုဗက်ကီးယား | ၂ | ၁ | - | ၁ | ၂ | ၂ | - | ၃ |
| ၄ | ယူကရိန်း | ၂ | ၁ | - | ၁ | ၂ | ၄ | -၂ | ၃ |

**ဆလိုဗက်ကီးယား - ရိုမေးနီးယား**

ဇွန် ၂၆ ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၃၀ နာရီ

နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု

| | | | | | | |
|---|---|---|---|---|---|---|
| ၁၉၄၄-၉၅ | ဆလိုဗက်ကီးယား | ၀-၂ | ရိုမေးနီးယား | ၃-၂ | ဆလိုဗက်ကီးယား | (ယူရို ၉၆ ခြေစစ်ပွဲ) |
| ၁၉၉၉ | ။ | ၁-၅ | ။ | ၀-၀ | ။ | (ယူရို ၂၀၀၀ ခြေစစ်ပွဲ) |

နိုင်သည့်အသင်း နောက်တစ်ဆင့်တက်မည်ဖြစ်၍ အကြိတ်အနယ်ရှိမည့် ပွဲကောင်းတစ်ပွဲဖြစ်ပြီး သရေကျသွားနိုင်ကာ အနိုင်ဆိုပါက အစဉ်အလာအရ ရိုမေးနီးယားကိုသာ ကပ်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်

ဆလိုဗက်ကီးယား-သရေ၊နိုင်၊နိုင်၊နိုင်၊ရှုံး ရိုမေးနီးယား-ရှုံး၊သရေ၊သရေ၊နိုင်၊ရှုံး

**ယူကရိန်း - ဘယ်လ်ဂျီယံ**

ဇွန် ၂၆ ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၃၀ နာရီ

နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု-မရှိပါ။

ဘယ်လ်ဂျီယံတို့ အနိုင်သေချာပြီး နောက်တစ်ဆင့်သို့ တက်ရောက်မည့် ပွဲဖြစ်သည်။

နှစ်သင်း၏ နောက်ဆုံး ၅ ပွဲ ရလဒ်

ယူကရိန်း-သရေ၊ရှုံး၊နိုင်၊ရှုံး၊နိုင် ဘယ်လ်ဂျီယံ-သရေ၊နိုင်၊နိုင်၊ရှုံး၊နိုင်

### အုပ်စု(စ)ပွဲစဉ်များ

ပွဲစဉ်(၁)ရလဒ် -တူရကီယဲ ၃-၁ ဂျော်ဂျီယာ ပေါ်တူဂီ ၂-၁ ချက်

ပွဲစဉ်(၂)ရလဒ် -ဂျော်ဂျီယာ ၁-၁ ချက် တူရကီယဲ ၀-၃ ပေါ်တူဂီ

### အုပ်စု(စ)အမှတ်ပေးဇယား

| အဆင့် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာခြားမှု | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ပေါ်တူဂီ | ၂ | ၂ | - | - | ၅ | ၁ | +၄ | ၆ |
| ၂ | တူရကီယဲ | ၂ | ၁ | - | ၁ | ၃ | ၄ | -၁ | ၃ |
| ၃ | ချက် | ၂ | - | ၁ | ၁ | ၂ | ၃ | -၁ | ၁ |
| ၄ | ဂျော်ဂျီယာ | ၂ | - | ၁ | ၁ | ၂ | ၄ | -၂ | ၁ |

**ချက် - တူရကီယဲ**

ဇွန် ၂၇ ရက် (ကြာသပတေးနေ့) နံနက် ၀၁း၃၀ နာရီ

နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု

| | | | | | | |
|---|---|---|---|---|---|---|
| ၁၆-၆-၂၀၀၈ | တူရကီယဲ | ၃-၂ | ချက် | | | (ယူရို ၂၀၀၈ အုပ်စု) |
| ၂၀၁၄-၁၅ | ချက် | ၀-၂ | တူရကီယဲ | ၁-၂ | ချက် | (ယူရို ၂၀၁၆ ခြေစစ်ပွဲ) |
| ၂၂-၆-၂၀၁၆ | ။ | ၀-၂ | ။ | | | (ယူရို ၂၀၁၆ အုပ်စု) |

နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုအရ တူရကီယဲက အသာရနေသဖြင့် တူရကီယဲတို့ အနိုင်သေချာသည့် ပွဲဖြစ်သည်။

နှစ်သင်း၏ နောက်ဆုံး ၅ ပွဲ ရလဒ်

ချက်ကီးယား-နိုင်၊နိုင်၊နိုင်၊ရှုံး၊သရေ တူရကီယဲ-ရှုံး၊သရေ၊ရှုံး၊နိုင်၊ ရှုံး

**ဂျော်ဂျီယာ - ပေါ်တူဂီ**

ဇွန် ၂၇ ရက် (ကြာသပတေးနေ့) နံနက် ၀၁း၃၀နာရီ

နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု

| | | | | |
|---|---|---|---|---|
| ၃၁-၅-၂၀၀၈ | ပေါ်တူဂီ | ၂-၀ | ဂျော်ဂျီယာ | (ခြေစမ်းပွဲ) |

ခြေစွမ်းအရ အပြတ်သာနေသော ပေါ်တူဂီတို့ အနိုင်သေချာသည့် ပွဲဖြစ်သည်။

နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်

ဂျော်ဂျီယာ-နိုင်၊နိုင်၊နိုင်၊ရှုံး၊သရေ ပေါ်တူဂီ-နိုင်၊ရှုံး၊နိုင်၊နိုင်၊နိုင်

# အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ

**မန္တလေး ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ်ကို နံနက် ၆ နာရီခွဲမှ စတင်ကာ ယနေ့တွင် ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်(စစ-၆)၊ ၁၀၆ လမ်း၊ ၅၄လမ်းနှင့် ၅၅လမ်းကြားတွင် ရောင်းချပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ဆန်ကုန်သည်များအသင်း၊ ဆန်စက်ပိုင်များအသင်း၊ဆန်လက်လီရောင်းချသူများတို့က ရည်ညွှန်းဈေးအတိုင်း ရွှေဘိုပေါ်ဆန်း၊ ဧရာမင်း၊ ဧည့်မထဆန်များကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

အခြေခံစားသောက်ကုန် သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို ဇွန် ၂၆ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်(ဟ-၁၆)၊ ၁၁၇လမ်း၊ ၅၈လမ်းနှင့် လမ်း၆၀ကြားတွင်လည်းကောင်း၊ ဇွန် ၂၇ရက်တွင် အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ ဝက်ကုန်းရပ်၊ တမာတန်းလမ်း၊ စစ်ကိုင်း-မန္တလေးလမ်းအရှေ့ဘက်၊ ရှင်ပင်ဆပ်သွားဘုရားအနီးတွင် လည်းကောင်း၊ ဇွန် ၂၈ ရက်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆ လမ်းနှင့် ၂၇လမ်းကြား၊၇၁လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည် ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

*-*-*-*-*





# (VDP) စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**တံတားဦး ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရွှေမိုးမြေကျေးရွာ၌ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဇွန်၂၄ ရက် နံနက်ပိုင်းက ရွှေမိုးမြေကျေးရွာ၊ ကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်းသည် ကျေးရွာလိုအပ်ချက်များကို ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင်ရွေးချယ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း စသည့် စီမံကိန်းရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမှူဘောင်များ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ ကျေးရွာသူ၊ ကျေးရွာသားများက ဖွံ့ဖြိုးရေးကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ရွှေမိုးမြေကျေးရွာ၌၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအားထည့်ဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုအနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးထံက သိရသည်။

(အပေါ်ပုံ) (၀၄၀)

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အဘိတ် (Abate) ဆေးများခတ်ခြင်း ဆောင်ရွက်

**စေတုတ္တရာ ဇွန် ၂၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာ၊ ဆရာမများနှင့် ရောဂါမျိုးသယ်ဆောင်သောပိုးမွှားကောင်များမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေး ၄က်ဖျားတိုက်ဖျက်ရေးအဖွဲ့တို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးနှင့် ပိုးမွှားများအန္တရာယ်မှ ကာကွယ်ရန် အဘိတ် (Abate) ဆေးများခတ်ခြင်း၊ ခြင်နိုင်ဆေးများ ပက်ဖျန်းခြင်းကို မြို့နယ်မူလတန်းကြိုကျောင်း၌ ဇွန် ၂၄ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

ထို့သို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်ရှိ ရောဂါမျိုးသယ်ဆောင်သော ပိုးမွှားကောင်များမှ တစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေး ၄က်ဖျားတိုက်ဖျက်ရေးအဖွဲ့မှ ဆေးဝါးကျွမ်းကျင်(၃) ဦးညဏ်ထွန်းဦးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်မှ ကင်းဝေးနိုင်ရေးအတွက် မူလတန်းကြိုကျောင်းရှိ ရေကန်တွင်း အဘိတ်ဆေးများခတ်ပေးခြင်း၊ ကျောင်းခန်းအတွင်း ခြင်နိုင်ဆေးများဖျန်းခြင်း အစရှိသည်တို့ကို ဆောင်ရွက်ပေးသည်။

အဆိုပါ အဘိတ်(Abate) ဆေးခတ်ခြင်း ခြင်နိုင်ဆေးများဖျန်းရာ၌ မြို့နယ်မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာ၊ ဆရာမများ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီးနောက် စေတုတ္တရာမြို့နယ်ရပ်ကွက်၊ ကျေးရွာများအတွင်း ရေထည့်သုံးရာရေပုံးများ၊စည်ပိုင်းများ၊ ရေကန်များ၊ ရေစည်ပိုင်းများတွင် ပိုးလောက်လန်းများမှ တစ်ဆင့် ရောဂါပိုးမွှားများအန္တရာယ်မှ ကြိုတင်ကာကွယ်ရန်၊ ခြင်များ ပေါက်ပွားနိုင်ပြီး၊ ခြင်မှတစ်ဆင့်ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အဘိတ်(Abate) ဆေးများဖြန့်ဝေခြင်း၊ အဘိတ်ဆေးများခတ်ခြင်း၊ ခြင်နိုင်ဆေးများ ပက်ဖျန်းခြင်းတို့ကိုရပ်ကွက်၊ ကျေးရွာများတွင်လည်းဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံက သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



> **တံတားနှင့် လမ်း၊ ဆေးခန်းနှင့် ကျောင်း၊**
> **ဆည်မြောင်းနှင့် ကန်**
> **သစ်ပင်ရံမှ သဏ္ဌာန်လှပ ပန်းရလိမ့်။**

# ကသာ ဒညင်းသီးအဝယ်လိုက်လာ

**ကသာ ဇွန် ၂၅**

ကသာမြို့တွင် တစ်နိုင်တစ်ပိုင်နှင့် စီးပွားဖြစ် ဒညင်းစိုက်ပျိုးအခင်းများ ကျေးရွာများတစ်ဆင့် ပြန်လည်ရောင်းချသူများ ဈေးကွက်ပေါ် ဖြန့်ချိနိုင်ရေး ဒညင်းခြံများထိ အဝယ်လိုက်လာကြောင်း သိရသည်။

ကသာမြို့နယ် ကျေးရွာများတွင် ဒညင်းသီးပင်ကို စီးပွားဖြစ်စိုက်သူများနှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးသူများရှိသောကြောင့် မြို့နယ်အသီးသီးသို့ ဖြန့်ချိရောင်းချသူများ ပေါ်ဦးပေါ်ဖျား အဝယ်လိုက်လာသဖြင့် ရောင်းသူ၊ဝယ်သူနှစ်ဦးနှစ်ဖက် အဆင်ပြေကြတယ်။ မနှစ်က ဒညင်းသီးကို ကချင်ပြည်နယ် မြစ်ကြီးနားဖားကန့်၊ မိုးညှင်း၊ မိုးကောင်းဟိုပင်မြို့များအပြင် မန္တလေးဘက်ကိုတစ်ဆင့် ပြန်ရောင်းသူများ အဆင်ပြေကြတယ်။ ယခု ၂၀၂၄ ခုနှစ်မှာတော့ လမ်းခရီးစရိတ်ကြန့်ကြာမှုပေါ်မူတည်တယ်လို့ ဖြန့်ချိရောင်းသူတစ်ဦးက သုံးသပ်ပြောပြသည်။

ယမန်နှစ်များက တစ်လုံး ၁၈ ကျပ် ၂၀ ကျပ်ဘဲရှိတယ်။ ယခုနှစ်မှ ဈေးပိုပေးကာ ကသာမြို့တွင် ဘုန်းကြီးကျောင်းများ ဒညင်းခြံများရှိရာသို့ ဒညင်းသီးတစ်လုံးလျှင် ၃၀ ကျပ် အလုံး ၁၀၀ လျှင် ငွေကျပ် ၃၀၀၀နှုန်းဈေးဖြင့် သုံးဘီးယာဉ်ငယ်များဖြင့် လိုက်ဝယ်သူများလျက်ရှိပြီး ကသာမြို့ဈေးတွင် ကျေးရွာအသီးသီးမှ လာရောက်ရောင်းချသူများလည်း များပြားလာလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၅၇)

*-*-*-*-*



# အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ အခမ်းအနား ကျင်းပ

**မြစ်သား ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အခြေခံပညာနှင့်စက်မှု၊စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းဝင်း အတွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် မြစ်သားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးခိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဗိုလ်မှူးမြတ်သီဟမင်းက အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ မြစ်သားမြို့ မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ဇော်မင်းထွေးက လူငယ်များသည် မူးယစ်ဆေးဝါးများကို စူးစမ်းလိုသောကြောင့်လည်းကောင်း၊ အပေါင်းအသင်းများကြောင့်လည်းကောင်း မူးယစ်ဆေးဝါးအမျိုးမျိုး၊ ဆေးလိပ်၊ ကွမ်းယာများ စတင်သုံးစွဲခြင်းသည် လူညွန့်တုံးစေသည်အထိ ဖြစ်စေနိုင်ကြောင်း မူးယစ်ဆေးဝါးများကို အသုံးမပြုမိအောင် သတိပြုရှောင်ကြဉ်ကြရန် အကျယ်တဝင့်ရှင်းလင်းဟောပြောခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က လူငယ်ရေးရာ ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားကာ လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာဖတ်ရှုမြင့်တင်ရေးအတွက် ကလေးစာပေပွဲတော်များအကြောင်းကို ဟောပြောခဲ့သည်။ ထို့နောက် ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်ဟန်က လူငယ်နှင့် စည်းကမ်းအကြောင်း ဟောပြောပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ လူငယ်ရေးရာ ဟောပြောပွဲသို့ မြစ်သားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၃) ဦးအောင်ကျော်မိုး၊ မြစ်သားမြို့ မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါစန်းနှင့် အသင်းဝင်များ၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၁၈၀ ဦးခန့် တက်ရောက်ခဲ့ကြပြီး ဟောပြောပွဲအပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်ပြပွဲနှင့် အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

ဝါဝါမြင့်(မြစ်သား)



# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

**ပွင့်ဖြူ ဇွန် ၂၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရွှေလှေကျေးရွာအုပ်စု၊ ဖိုးပေါက်စုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၄ရက် နံနက် ၁၀နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်(VDP) စီမံကိန်း တာဝန်ခံ ဝန်ထမ်းများက ကျေးရွာကော်မတီဝင်ရွေးချယ်မှုသတ်မှတ်ချက်များ၊ စီမံကိန်းကော်မတီဝင်များ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးအတွက် စီမံကိန်းလုပ်ငန်းဖော်ဆောင်နိုင်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ အတည်ပြုရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ပွင့်ဖြူမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဖိုးပေါက်စုကျေးရွာ အပါအဝင် ကျေးရွာ ၁၂ ရွာ၌ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားစေရန်အတွက် ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ ထောက်ပံ့ပေးပြီး ကျေးရွာပြည်သူထည့်ဝင်ငွေတို့ကို အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံက သိရသည်။

(အပေါ်ပုံ)

(၄၄၅)

# ကန်တော်ကြီးနှင့် သင်္ဂဇာချောင်းအတွင်းမှ ဗေဒါများ ဆယ်ယူရှင်းလင်း

**မန္တလေး ဇွန် ၂၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန် ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့်သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းများကို စီမံချက်ချမှတ်ပြီး လုပ်ငန်းကဏ္ဍအသီးသီးအလိုက် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က သင်္ဂဇာချောင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်းအတွင်းမှ ဗေဒါ၊ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ၂၂လမ်းနှင့် ၂၃လမ်းကြား ချောင်းအတွင်းမှ ဗေဒါနှင့် ဒိုက်များကို Longarm စက်နှင့် ဗိုးဘက်ဟိုးစက် အသုံးပြု၍ ဆယ်ယူရှင်းလင်းခြင်းနှင့် ၂၅လမ်းနှင့် ၂၆လမ်းကြားရှိ ချောင်းအတွင်းမှ အမှိုက်ဒိုက်နှင့် ဗေဒါများကို PC-200 စက်အသုံးပြု၍ ဆယ်ယူရှင်းလင်းနှင့် စက်ယန္တရားများဖြင့် ဆယ်ယူနိုင်ရန် လုပ်သားများက လှေငယ်များဖြင့် ဗေဒါနှင့်ဒိုက်များ တွန်းပို့ဆောင်ရွက်ခြင်းနှင့်၂၂လမ်းနှင့် ၂၆လမ်းကြားတွင် အမှိုက်သိမ်းဝန်ထမ်းများဖြင့် အမှိုက်၊ ဒိုက်နှင့် ဗေဒါများကို သိမ်းဆည်းခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှတာဝန်ရှိသူများသည် သင်္ဂဇာချောင်းရေစီးရေလာကောင်းမွန်စေရေးအတွက် သင်္ဂဇာချောင်းအရှေ့နောက်နှင့် ဝဲ၊ ယာ ချောင်းအတွင်းရှိ ဗေဒါနှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

သင်္ဂဇာချောင်းသည် ကန်တော်ကြီးအတွင်း စီးဝင်သည့် ချောင်းတစ်ခုဖြစ်ပြီး အလားတူ ရွှေတချောင်းမြောင်း၊တက်မြောင်းချောင်း၊ ငွေတချောင်းမြောင်း၊ ရေကြည်မြောင်းများသည်လည်း စီးဝင်သဖြင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ချောင်းကိုမြောင်းရေနှင့်ဆေးချသည့်နည်း အသုံးပြု ဆောင်ရွက်ထားကြောင်း သိရသည်။

ကန်တော်ကြီးသာယာလှပရေးအတွက် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ တာဝန်ရှိသူများသည် ကန်တော်ကြီးတောင်ဘက်ကန်ရှိ ဗေဒါများကို ဘက်ဟိုးစက်တစ်စီး၊ မော်ဆယ်စက်တစ်စီးနှင့် လုပ်သား ၃၀ဦး ကမ်းကပ်ဆယ်ယူရှင်းလင်းရာ တန် ၈၀ခန့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဗေဒါဖြတ်စက်တစ်စီးအသုံးပြု၍ ဖြတ်တောက်ဆောင်ရွက်ရာ တစ်ဧကခွဲခန့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။

ကမ်းနားလမ်းသာယာလှပရေးအတွက် ဇုန်များသတ်မှတ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ဇုန်(၂) ၃၂လမ်းနှင့် ၃၃လမ်းကြား လမ်းဘေးဝဲ၊ယာနှင့် လမ်းလယ်ကျွန်းနေရာများတွင် ဖုန်၊ သဲ၊ အမှိုက်များ တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းနှင့် သိမ်းဆည်းခြင်းလုပ်ငန်းများကို လုပ်သားများက စုပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)



## ယာဉ်မောင်းသူများ လိုက်နာရန်

* မြို့တွင်း တစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။

* အရက်သောက်လျှင် (လုံးဝ)ကားမမောင်းရ၊ဆိုင်ကယ်မစီးရ။

* ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။

* (မီးနီ၊မီးဝါ)လုံးဝ ဖြတ်မမောင်းရ၊ မစီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## The Return of Superman နှင့် My Golden Kids Program ကွာခြားမှုရှိ







ပရိသတ်ကြိုက်နှစ်သက်အားပေးထားကြသည့် The Return of Superman နှင့် My Golden Kids Program မှာ ကွာခြားမှုရှိသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အနုပညာရှင်များ၊ ကမ္ဘာကျော် အားကစားသမားများ၏ သားသမီးများကို မိခင်ကောင်း၊ ဖခင်ကောင်းဖြစ်ရန် ထိန်းကျောင်းခဲ့မှုကို The Return of Superman တွင် မြင်တွေ့ကြရသည်။

ထိန်းသိမ်းရန်ခက်ခဲသည့် ကလေးများ၊ မူမမှန်သည့်ကလေးများ၏ မိဘများက My Golden Kids Program နှင့် ဆက်သွယ်၍ ကလေးစိတ်ပညာရှင် ဆရာဝန်များက ပြဿနာ၏ အဖြေကို ရှာပေးရန် စောင့်ကြည့်ခဲ့ကြပြီး အဖြေရမှ မိဘကို ခေါ်ယူဆွေးနွေးပေးသော အစီအစဉ်ဖြစ်သည်။

ကလေးအများစု မူမမှန်ရခြင်း၏ အဓိကအကြောင်းပြချက်မှာ မိဘများကိုယ်တိုင်ကြောင့်ဖြစ်နေ၍ လူကြီးကြောင့် ရခဲ့သည့် စိတ်ဒဏ်ရာကို ကုသရန် မိဘများကို အရင်ကုသပေးခဲ့ရသည်။ My Golden Kids Program ၏ အချို့သောမိဘများမှာ စားစရိတ်အတွက် နာရီတိုင်း ရုန်းကန်နေရသူများပါဝင်ကာ ဘဝပေးအခြေအနေ မတူညီကြသူများ ဖြစ်ကြသည်။

(SKY)



## ပလတ်စတစ်ရေဘူးများကို နေရောင်ထဲ၌ထားရှိလျှင် သောက်သုံးသူများ၏ ကျန်းမာရေးထိခိုက်စေနိုင်

ယနေ့ခေတ်တွင် မြို့ပြများရှိ လူအများစု သောက်ရေသန့်ကို မှာယူသောက်သုံးလျက်ရှိသည်။

ကုမ္ပဏီအသီးသီးက ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော သောက်ရေသန့်များကို လက်လီလက်ကားရောင်းချသော ဆိုင်များတွင် ဦးစွာ မှာယူပြီး တစ်နေရာရာတွင် သိုလှောင်ထားကြရသည်။

တရုတ်နိုင်ငံ၊ ကွမ်တောင်းပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ကျန်းမာရေးဆိုင်ရာဓာတ်ခွဲခန်းက သောက်ရေသန့်များထားသိုခြင်းနှင့်ပတ်သက်၍ မကြာသေးမီက သုတေသနပြုလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ ပလတ်စတစ်ရေဘူးများကို နေရောင်ထဲ၌ထားရှိလျှင် သောက်သုံးသူများ၏ ကျန်းမာရေးထိခိုက်စေနိုင်မည်ဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

နေရောင်ခြည်က ပလတ်စတစ်ဘူးများထဲရှိ ရေကို ဓာတ်ပြောင်းလဲသွားစေရာမှ ဗွီအိုစီ(ခေါ်)ဒြပ်ပေါင်းများက လူတို့၏ ကျန်းမာရေးကို ထိခိုက်စေခြင်း ဖြစ်ကြောင်းသိရသည်။

SCI



## Seo Ji Hye က Irene နှင့်တူ၍သဘောကျကြောင်းပြော

သရုပ်ဆောင်ဆိုဂျီဟေးကို အိုင်ရင်းနှင့်ရုပ်ချင်းဆင်သည်ဟု ပရိသတ်များက မှတ်ချက်ပေးခြင်းအပေါ် သဘောကျနှစ်ခြိုက်ကြောင်း ဆိုဂျီဟေးက ပြောကြားထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆိုဂျီဟေးက ကေပေါ့ပ်အဆိုတော်အိုင်ရင်းနှင့်ရုပ်ချင်းဆင်သည်ဆို၍ အသက်ကြီးသူနှင့် အသက်ငယ်သူကို နှိုင်းယှဉ်ခဲ့သဖြင့် သဘောကျခဲ့သည်။

ဆိုဂျီဟေးထက် အသက်ငယ်သော အိုင်ရင်းနှင့် တူသည်ဆို၍ အသက်ငယ်သွားသကဲ့သို့ ခံစားရပြီး အိုင်ရင်းနှင့်တူသည်မှာ ကောင်းသည်ဟု သူငယ်ချင်းများကိုပါ နောက်ပြောင်ပြောခဲ့သည်ဟု ထုတ်ဖော်ပြောကြားသွားသည်။

ကေပေါ့ပ်စတုတ္ထမျိုးဆက်တွင် နာမည်ကြီးနေသည့် အိုင်ရင်းနှင့် ရုပ်ချင်းဆင်သည့် ဆိုဂျီဟေးမှာ အနုပညာလောကသို့ သရုပ်ဆောင်ဘဝနှင့် ဝင်ခဲ့ပြီး ချောမော၍ အနုပညာစွမ်းရည်ရှိသူတစ်ဦးဖြစ်သည်။ (SKY)

## Emilia Clarke က Game of Thrones ရိုက်ကူးရင်း သေချင်စိတ်ဖြစ်ခဲ့



အိပ်ချ်ဘီအို၏ ကမ္ဘာကျော်ဇာတ်လမ်းတွဲ Games of Thrones တွင် ပါဝင်ခဲ့သော အီမီလီယာကလက်ကီက ရိုက်ကူးရေးကာလတွင် ဦးနှောက်သွေးကြောပေါက်ခြင်းဖြစ်စဉ်ကို ခံစားခဲ့ရ၍ ရိုက်ကွင်းတွင် သေချင်စိတ်ဖြစ်ခဲ့သည်ဟု အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အီမီလီယာကလက်ကီက Big Issue နှင့် အင်တာဗျူးတွင် ၂၀၁၁ ခုနှစ် ယင်းရုပ်ရှင်အပိုင်းတစ်နှင့် နှစ် ရိုက်ကူးရေးကာလ၌ ဦးနှောက်သွေးကြောပေါက်ခြင်းဖြစ်စဉ်ဖြစ်ခဲ့၍ ထွက်ရမည်ကို ကြောက်နေခဲ့ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ထိခိုက်မှုကြောင့် အလုပ်ခွင်တွင် စိတ်မလုံခြုံဖြစ်ခဲ့ရပြီး နှင်ထုတ်မည်ကို ကြောက်ကာ ရိုက်ကူးရင်းသေရမည်ဆိုလျှင်ပင် ရိုက်ရင်းသေချင်စိတ်ဖြစ်ခဲ့သည်ဟု ပြောကြားခဲ့ကာ ရောဂါကို အနိုင်ယူခဲ့သူဖြစ်သည်။ (SKY)

## Karithi က ချစ်သူကို ပြန်ပေါ်လာစေချင်ကြောင်း ပြောကြား

ဘောလိဝုဒ်မင်းသမီး ကရီသီးသည် ပွဲတစ်ခုတွင် သူ၏ချစ်သူဆူရှန်ကို ပြန်ပေါ်လာအောင် လုပ်ချင်သည်ဟု ပြောကြားသွားခဲ့သည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

ကရီသီးသည် ဆူရှန်၏ ဒုတိယမြောက်ချစ်သူဖြစ်ပြီး Raabta ရုပ်ရှင်ရိုက်ရင်း ဆုံခဲ့ကြရာမှ တစ်နှစ်ကျော်ချစ်သူများအဖြစ် လက်တွဲခဲ့ကြပြီး လမ်းခွဲခဲ့ကြသည်။

ဆူရှန် ရုတ်တရက်ကွယ်လွန်ခဲ့ရသော အကြောင်းရင်းကို ယခုအချိန်ထိ မသိရသေးသော်လည်း ကရီသီးက ဆူရှန်ကို ချစ်နေဆဲဖြစ်ကာ ပွဲတစ်ခုတွင် တစ်ယောက်ယောက်ပြန်ပေါ်လာအောင် လုပ်နိုင်သည့် တန်ခိုးပါဝါမျိုးရှိလျှင် ဆူရှန်ကို ပြန်ပေါ်လာစေချင်သည်ဟု ကရီသီးက ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်တွင်ကရီသီး၏ ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီက ဆူရှန် ကြိုက်နှစ်သက်၍ အမြဲသုံးသည့် အီမိုဂျီ Blue Butterfly ကို လိုဂိုအဖြစ် အသုံးပြုထားပြီး ဆူရှန်ကို သတိရနေသေးကြောင်း သက်သေပြထားသည်။

(SKY)

o-o-o-o-o-o

## Lai Guanlin က အဆိုတော်၊ သရုပ်ဆောင် ဘဝရပ်နား၍ ဒါရိုက်တာလုပ်



အသက် ၂၂ နှစ်နှင့် Wanna One ကေပေါ့ပ်အဖွဲ့ဝင်ဟောင်း တရုတ်အနုပညာရှင် လိန်ဂွာအန်လင်သည် အဆိုတော်၊ သရုပ်ဆောင်ဘဝ ရပ်နား၍ ဒါရိုက်တာတစ်ဦးအဖြစ် လုပ်ကိုင်သွားမည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အသက် ၁၆ နှစ်နှင့် Survial show, Produce 101 s 2 မှ တစ်ဆင့် ကေပေါ့ပ်အဖွဲ့ Wanna Oneနှင့် ပွဲဦးထွက်ခဲ့ပြီးနောက် အဖွဲ့ပြိုကွဲ၍ တရုတ်အနုပညာလောကတွင် တစ်ကိုယ်တော် အနုပညာလှုပ်ရှားခဲ့သည်။

လိန်ဂွာအန်လင်၏ ပထမဆုံးဒရမ်မာ A Little Thing Called First Love မှာ အောင်မြင်မှုရခဲ့ပြီး ပါပါရာဇီများ၏စောင့်ကြည့်ခံရရာမှ ဆေးလိပ်သောက်ခြင်း၊ ချစ်သူနှင့်ချိန်းတွေ့သောခေါင်းစဉ်အမျိုးမျိုးနှင့် ဝေဖန်ခံခဲ့ရ၍ ဖိအားများကြုံတွေ့ခဲ့ရသည်။

လိန်ဂွာအန်လင်က အမျိုးမျိုးစဉ်းစားခဲ့ပြီးနောက် ကင်မရာရှေ့မှ အလုပ်များရပ်နားတော့မည်ဟု တရားဝင်ကြေညာခဲ့ပြီး ကင်မရာနောက်ကွယ်မှ ဒါရိုက်တာအလုပ်ကို လုပ်ကိုင်သွားမည်ဖြစ်သည်။

တရုတ်အနုပညာနယ်ပယ်တွင် A Little Thing Called First Love, Don't Disturb My Study, Love The Way You Are ဇာတ်လမ်းများထွက်ရှိလာပြီး Love For Life နှင့် Daydream Confession ကားသစ်များထွက်ရှိရန် ကျန်သေးသည်။ (SKY)





မိုင်းရယ်မြို့နယ် စည်ပင်သာယာရေးဌာနမှ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လမ်းဘေးဝဲ/ယာရှိ သစ်ပင်ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းနေမှုအား အမှုဆောင်အရာရှိမှ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(ကဆ)

## VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ငါန်းဇွန် ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နတ်သားတောကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း VDP အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် VDP စီမံကိန်းမိတ်ဆက်ရှင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၁၈ ရက် နံနက်ပိုင်းက နတ်သားတောကျေးရွာ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမိုးအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်းသည် ကျေးရွာလိုအပ်ချက်များကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ရွေးချယ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းစသည့် စီမံကိန်းရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမှူဘောင်များ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ ကျေးရွာသူ၊ ကျေးရွာသားများက ဖွံ့ဖြိုးရေးကော်မတီဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

နတ်သားတောကျေးရွာ၌ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ကျေးရွာနေပြည်သူများ၏ လုပ်အားငွေအားထည့်ဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြည့်ကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောပြကြောင်း သိရသည်။

(ဝင၀)

## စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပ

**ရွှေဘို ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ဇွန် ၂၄ ရက် နံနက် ၉ နာရီက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ "သုတဝေဖြာမျှဝေရာ ပညာဘဏ်တိုက် စာကြည့်တိုက်" Video Clip အား ပြသရာ တက်ရောက်လာကြသူများက ကြည့်ရှုခဲ့ကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်စန်းက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနား ပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် စာပေဖတ်ရှုရခြင်း အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ကျောင်းစာကြည့်တိုက်အတွင်း ကျောင်းသား၊ ကျောင်းသူလေးများနှင့် မောင်ခင်မင်(ဓနုဖြူ)ရေးသားသည့် အမွေခံတစ်ယောက် အမွေပေးသူတစ်ရာ စာအုပ်ပါ ခေါင်းစဉ်(၅)ခုဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်းနှင့် စကားပုံဆက်ပြိုင်ပွဲများ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ၊ ဒုတိယဦးစီးမှူး ဒေါ်ခိုင်ဇင်က ကလေးငယ်များအား ပုံပြင်၊ ရုပ်ပြ၊ စာအုပ် ဖတ်ပြဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပြီးနောက် အသိပညာပေး စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များကို ပြသထားရာ ကျောင်းသား၊ ကျောင်းသူလေးများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



## စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲ ပြုလုပ်

**မိုင်းနောင် ဇွန် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းနောင်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး အထက်တန်းဆင့်ကို အနာဂတ် ပန်းများပွင့်လန်းဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့၊ အလယ်တန်းဆင့်ကို မူးယစ်အန္တရာယ်ပြည့်ရန်စွယ် ကာကွယ်တိုက်ဖျက်လက်ချင်းဆက်၊ မူလတန်းဆင့်ကို ရှောင်လေဝေးဝေး မူးယစ်ဆေး ခေါင်းစဉ်များဖြင့် ပြိုင်ပွဲများ ပြုလုပ်ပေးခဲ့သည်။

အဆိုပါ စာစီစာကုံး၊ ပန်းချီဆေးရောင်ခြယ်နှင့် ကာတွန်းပြိုင်ပွဲသို့ သက်ဆိုင်ရာတာဝန်ရှိဌာနဆိုင်ရာများက ကြည့်ရှုအားပေးကာ ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများအား ၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် ဆုများ ချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀




မူးယစ်

ကင်းစင်

စိတ်လန်းရွှင်

ဆန့်ကျင်

မူးယစ်ဆေး။

ပတ်စရာ၊ မှတ်စရာ
စုံလင်

## တိုက်ဖျက်ကာကွယ် မူးယစ်ဆေးဝါးအန္တရာယ်

* လူသံသရာ ၊ တည်လေခါမယ်
ခန္ဓာအိုထောက် ၊ တဖြောက်ဖြောက်ကြွေ
ရွက်ပျောက်ရိုးတံ ၊ သစ်ပင်ထံမှ
ညှိုးထန်နွမ်းလျ ၊ မြေဝယ်ကျသို့
ကြွေရခက်ပွေ ၊ လူငယ်တွေကို
ယစ်ထွေဆေးဝါး ၊ ဘိန်းအများမှာ
ဆိုးရွားဉာဏ်ရည် ၊ ပျက်သုဉ်းတည် ။

* ရှင်သန်ချိန်ခါ ၊ လူဖြစ်ရာဝယ်
ပညာမမြဲ ၊ လူဆင်းရဲလို့
စဉ်မြဲသုံးငွေ ၊ ဖန်းကာနေ၍
တေလေမူးယစ် ၊ ဆိုးနွမ်းညစ်လျက်
ထုဆစ်စိတ်မယ် ၊ မိုက်မဲလွယ်တော့
ထမ်းသယ်ပြစ်ကြွေး ၊ လူ့အရေးတွင်
ဖော်ဝေးစေသည် ၊ လူမမည် ။

* စိတ်နေဖောက်ကာ ၊ ဘိန်းကဆာတော့
ဖွေရာခိုးဝှက် ၊ သိက္ခာပျက်ပြီး
အရှက်လည်းကုန် ၊ မူးယစ်ထုံပေါ့
ဝတ်စုံမရှိ ၊ ကာအတိနှင့်
ဆိုးဘိလူဘောင် ၊ များသူရှောင်၍
မိုက်မှောင်ကျွံနစ် ၊ ဆေးမူးယစ်ကြောင့်
လူဖြစ်ရာသည် ၊ ဆိုးပေပြီ ။

* ပညာမဲ့စွာ ၊ မိုက်မဲကာဖြင့်
စိတ်လွှာညစ်သုဉ်း ၊ ဘဝဆုံးသည့်
မျိုးတုံးစေဖွယ် ၊ အန္တရာယ်ကို
စိတ်ဝယ်တပ်မက် ၊ ရှင်သန်ဆက်တော့
အခက်ကံစေ ၊ ကြမ္မာပွေလို့
မသွေဒုက္ခ ၊ အမှန်ရဘိ
ခဏလူပြည် ၊ မှောင်ပေသည် ။
နိုင်ငံတကာ ၊ ကမ်းလက်ဖြာ၍
မှန်စွာတိုက်ထုတ် ၊ အမြစ်ပတ်အောင်
ခွင်းဖြုတ်စစ်မှန် ၊ လူတို့ရန်မှ
နိုင်ငံကြယ်ပွင့် ၊ ဂုဏ်ရည်တင့်သည့်
ထည်ဝင့်တံခွန် ၊ လူရည်ချွန်တို့
ပြည်မွန်ဖွံ့ဖြိုး ၊ ကောင်းခြင်းမိုးကာ
ပြည့်တိုးဝေဖြာ ၊ နေ့ထူးမှာသော်
နှစ်ကြာတည်ဆင့် ၊ ဂုဏ်ရောင်ဝင့်လို့
လွှမ်းတင့်ဝေစည် ၊ ကမ္ဘာတည် ။

(၂၆.၆.၂၀၂၄ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အား ဂုဏ်ပြုကြိုဆိုရေးဖွဲ့ပါသည်။)

မင်းမြတ်မိုး(မန်းမြေ)

## သတင်းပဒေသာ

### တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းဆေးကုသပေး

နေပြည်တော်တိုင်းရင်းဆေးရုံကြီး ကွင်းဆင်းဆေးကုသရေးအဖွဲ့မှ ဇေယျာသီရိမြို့နယ်၊ ခေတ်အေးကျေးရွာ သုဇနကာရီနယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး ပရဟိတသာသနာပြုကျောင်း၌ ဇွန် ၂၃ ရက် နံနက်ပိုင်းက တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် GEC ပညာရေး ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ကျင်းပသော နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၂၃ ရက် နံနက်၉ နာရီက အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(နမ့်စန်) သရဖီခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းစာကြည့်တိုက်လှုပ်ရှားမှုအဖြစ် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မူလတန်းအဆင့် ပန်းချီပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ ကျေးသီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို မူလတန်းအဆင့် ပန်းချီပြိုင်ပွဲအား ယမန်နေ့ မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲ ပြုလုပ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်(အကြို) ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲကို ဇွန် ၂၄ ရက် မွန်းလွဲပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၄ရက် နံနက် ၉ နာရီက ကျောက်မဲမြို့၊ အမှတ် ၈ ရပ်ကွက်၊ အင်ကြင်းတောင် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

နေပြည်တော်၊ ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများကို ဇွန် ၂၄ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လူငယ်ရေးရာအသိပညာပေး ဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့ နံနက် ၁၀ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## (၁၃၉)ကြိမ်မြောက် သွေးလှူဒါန်း

**မြင်းခြံ ဇွန် ၂၅**



မြင်းခြံမြို့နယ်၊ ဒူလာဘိုရွာဇာတိ၊ ရန်ကုန်တိုင်း ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သဇင်နွယ်လမ်း၊ စိတ္တသုခကျောင်းဓာတ်တော်တိုက်၊ ပဓာနနာယက၊ သက်သတ်လွတ်ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာလင်္ကာရ (လူမှုထူးချွန်ပထမအဆင့်)သည် အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် ၅၀၀ တွင် ဇွန် ၁၉ ရက်က (၁၃၉)ကြိမ်မြောက် ဇီဝိတဒါန သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(ကဆ)

## စာသင်တိုက်ကြီးများ၊သာသနာ့တက္ကသိုလ်ကြီးများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ပိဋကတ်သုံးပုံပါဠိတော် (မြန်မာ-ရိုမန်)အက္ခရာ နှစ်မျိုးဖြင့် ပြုစုထားသော ဆဋ္ဌသင်္ဂါယနာမူ ပါဠိတော်စာအုပ်များလှူဒါန်း

**ညောင်ဦး ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်အတွင်းရှိ စာသင်တိုက်ကြီးများ၊ သာသနာ့တက္ကသိုလ်ကြီးများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ပိဋကတ်သုံးပုံပါဠိတော်(မြန်မာ-ရိုမန်)အက္ခရာနှစ်မျိုးဖြင့် ပြုစုထားသော ဆဋ္ဌသင်္ဂါယနာမူ ပါဠိတော်စာအုပ်များ လှူဒါန်းခြင်း အခမ်းအနားကို ဇွန် ၂၁ ရက် နံနက် ၉ နာရီက အမှတ်(၂) ရပ်ကွက်ရှိ ဇေယျဝတီ စာသင်တိုက်ကြီးတွင် လှူဒါန်းဆက်ကပ်ခဲ့သည်။

ညောင်ဦးမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်ကြီးများအတွက် ပါဠိတော်ကို (မြန်မာ-ရိုမန်)အက္ခရာနှစ်မျိုးဖြင့် ပြုစုထားသော ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်သုံးပုံ ပါဠိတော်စာအုပ်များအား ပရိယတ္တိစာသင်တိုက်ကြီးများ ဖြစ်တော်မူကြသည့် ကျွန်းစစ်သားဥမင်ကျောင်း၊လောကနန္ဒာကျောင်း၊ မဟာဝိသုတာရုံတိုက်သစ်၊ ဇေယျဝတီ စာသင်တိုက်၊ မဟာဝိသုတာရာမ တိုက်သစ်၊ အလိုတော်ပြည့် စာသင်တိုက်၊ ဣသိပညဒေဝဂုရုပရိယတ္တိစာသင်တိုက်ကြီးများအတွက် လှူဒါန်းခြင်းကို ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးခရိုင် သာသနာရေးမှူး ဦးနေလင်းသိန်း၊ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် စီမံအဖွဲ့ဝင် ဦးဆန်းထွန်းဦးတို့က ဆက်ကပ်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(၄စ၁)**





## ကန်တော်ကြီးရှိ ဇီဝိတဒါနသံဃာ့ဆေးရုံသို့ ဆွမ်းပဒေသာပင်နှင့် ကျောက်ကပ်သွေးသန့်စင်ခြင်း ငွေများလှူဒါန်း

**မန္တလေး ဇွန် ၂၅**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ စေတနာရှင်များက ဆွမ်းဆက်ကပ်ခြင်းနှင့် ဆေးပဒေသာပင်စိုက်ထူခြင်း၊ ဆေးရုံသုံးပစ္စည်းနှင့် ငွေများလှူဒါန်းလျက်ရှိရာ ဇွန် ၂၄ ရက် နံနက်က မန္တလေးမြို့နေ မိခင်ကြီး ဒေါ်နှင်းအား အမှူးထား၍ ဦးခင်အောင်မြင့် + ဒေါ်အေးအေးသန်းမိသားစုက ဆွမ်းပဒေသာပင် ငွေကျပ်ငါးသိန်း ကျောက်ကပ်သွေး သန့်စင်နေရသော ဂိလာန သံဃာနှင့် သီလရှင် အပါး(၁၀၀)အတွက် ငွေကျပ်(၃၅)သိန်းကိုလည်းကောင်း၊ မဟာအောင်မြေမြို့နယ်၊ ၈၄လမ်းနေ သုဓမ္မမဏိဇောတဓရ ဦးအောင်နိုင်ဆွေ + အဂ္ဂမဟာ သီရိသုဓမ္မ ဒေါ်မြင့်မြင့်နွယ် (သီရိရွှေစင်ရွှေဆိုင်)မိသားစုက ကျောက်ကပ်သွေးသန့်စင်နေရသော သံဃာနှင့် သီလရှင်ဆယ်ပါးအတွက် ငွေကျပ် ၃၅၀၀၀၀ တို့ကို လှူဒါန်းရာ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးကြပ်ရေး အထောက်အကူပြုအဖွဲ့နာယက ဒေါက်တာဦးမိတ်၊ ဘဏ္ဍာရေးမှူး ဦးစိုးလွင်နှင့် ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

ကန်တော်ကြီး ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဂိလာန သံဃာတော်များ၊ သီလရှင်များအား အခမဲ့ကျန်းမာရေးဆေးဝါးကုသပေးလျက်ရှိသည်။ ပြင်ပလူနာကုသပေးခြင်း၊ အသေးစားခွဲစိတ်ကုသခြင်း၊ ကျောက်ကပ်သန့်စင်ခြင်း၊ သွားရောဂါကုသခြင်း၊ အကြောအဆစ်ပြန်လည်သန်စွမ်းရေးကုသခြင်း၊ မျက်စိကုသခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ ရေအလှူတော်၊ လျှပ်စစ်မီးအလှူတော်၊ကျောက်ကပ်သွေးသန့်စင်ဌာနအလှူများသို့ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၄၅)**

## ပရိယတ္တိသာသနဟိတအသင်း(မန္တလေး)သို့ စာအောင်ဆုပဒေသာပင်စိုက်ထူ

**မန္တလေး ဇွန် ၂၅**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၄လမ်းနှင့်၃၅လမ်းကြား၊ ၈၅လမ်းရှိ ပရိယတ္တိသာသနဟိတအသင်းသို့ စာအောင်ဆုပဒေသာပင်နှင့် သာမဏေ နှုတ်ထောက် ဆွမ်းပဒေသာပင်အတွက် ငွေလှူဒါန်းပွဲကို အဆိုပါအသင်း ဓမ္မဗိမာန်အလယ်ထပ် အစည်းအဝေးခန်းမတွင် ဇွန် ၂၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပရိယတ္တိသာသနဟိတအသင်းဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးလွင်နှင့် အမှုဆောင်များ တက်ရောက်သည်။

အခမ်းအနားတွင် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ကုသိုလ်တော် ဓမ္မာနုဂ္ဂဟအသင်းဝင်မိသားစုက စာမေးပွဲ(၃)ရပ် စာအောင်ဆုပဒေသာပင်အတွက် ငွေကျပ်သိန်း(၃၀)တို့ကို ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ဒုတိယအသင်းဥက္ကဋ္ဌ ဦးစိုးလွင်၊ အတွင်းရေးမှူးနှင့် အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၀၄၅)**



# တာဝန်ထမ်းကြသည်ဆိုရာဝယ်

နိုင်ဗလ

**(၂၀-၆-၂၀၂၄)ရက်မှ အဆက်**

ယနေ့ တနင်္ဂနွေနေ့ဖြစ်သဖြင့် နံနက်စောစော ဖခင်အိပ်ရာမှ မထမီ အစစအရာရာပြင်ဆင်၍ တာဝန်ကျ ဆေးတပ်သားအား မှာကြားပြီး နံနက် ၅ နာရီမထိုးခင် ရွှေတိဂုံဘုရားဘက်သို့ လမ်းလျှောက်ရင်း ဘုရားတက်ခဲ့သည်။ ဘုရားကန်တော့ပြီး ချက်ခြင်းဆေးရုံသို့ ပြန်ခဲ့သည်။ ဖခင်စားရန် မြို့ရွှမ်ဝယ်ခဲ့သည်။ ဆေးရုံရောက်သည်နှင့် ဝပ်ထဲမှ လူနာများအား အဖျားတိုင်း ပရက်ရှာတိုင်းပြီး လိုအပ်သည်များ ကူညီဆောင်ရွက်သည်။ ထိုနေ့က လည်ကတုံးအင်္ကျီအဖြူ၊ ကချင်ပုဆိုးအသစ်ဝတ်၍ မွေးရက်တွင် ဘုရားတက် ကုသိုလ်ပြုခဲ့ခြင်းဖြစ်သည်။ ပြန်ရောက်သော် အဝတ်အစားမလဲ၊ လုပ်စရာများကို ပုံမှန်ဆောင်ရွက်သည်။ တပ်မှူးက ပါရဂူအသစ်တစ်ဦးကို ဝပ်ထဲလိုက်လံပြသရင်း ကျွန်တော့်ကို နှုတ်ဆက်သွားသည်။ နံနက် ၇ နာရီခွဲတွင် အားလုံးပြီး၍ ဖခင်အား နံနက်စာကျွေး၊ ဆေးတိုက်ဖြင့် လိုအပ်သည်များ ဆောင်ရွက်ပေးသည်။ ခဏကြာလျှင် ပါရဂူကြီးနှင့်အဖွဲ့ လူနာများအား လှည့်လည်ကြည့်ရှုတော့မည်ဖြစ်သည်။

ပါရဂူကြီးလှည့်လည်ကြည့်ရှုနေစဉ်တွင် ဈေးတန်းသို့ သွားပြီး နံနက်စာစားသည်။ ဆေးရုံပေါ်သို့ ပြန်ရောက်ချိန်တွင် ဖခင်ရှိရာ အခန်းသို့ လူနာသစ် တစ်ဦးရောက်နေသည်ကို တွေ့ရသည်။ အသက် ၈၀ခန့် ရှိပြီဟု မှန်းရသည်။ မြေးဖြစ်သူ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ တပ်ကြပ်ကြီးတစ်ဦးက လူနာစောင့်သည်။ စကားစမြည်ပြောမိတ်ဆက်ရာမှ တစ်ခေတ်တစ်ခါတွင် အလွန်နာမည်ကြီးခဲ့သော လက်ဝှေ့သမားကြီး ဦးဘားဝါးဖြစ်ကြောင်း သိရသည်။ ဦးဘားဝါးသည် ယနေ့ခေတ်အထိ ပုံပြင်သဖွယ် လူတိုင်းသိကြသော လမ်းမတော်ဖိုးတုတ်တို့နှင့် ခေတ်ပြိုင်လက်ဝှေ့သမားကြီးဖြစ်သည်။ အဘဘားဝါးက အားလျှင် ကျွန်တော်တို့နှင့် စကားပြောချင်သည်။ ကျွန်တော်ကလည်း ဗဟုသုတနားထောင်ချင်သည်။ ထို့ကြောင့် အားချိန်တွင် စကားစမြည်ပြောရင်း စပ်စုကြသည်။ စကားဝိုင်းနားထောင်ချင်၍ အနီးအပါးမှ သက်သာသော လူနာနှင့် လူနာစောင့်များလည်း လာနားထောင်ကြသည်။ လမ်းမတော်ဖိုးတုတ်အကြောင်း စိတ်ဝင်စားဖွယ်ရာများကို နားထောင်ရသည်မှာ ဝတ္ထုဖတ်ရသည်ထက် စိတ်ဝင်စားဖို့ ကောင်းသည်။ ဦးဘားဝါး၏ လက်ဝှေ့ကလပ်အကြောင်းလည်း နားထောင်ရသည်။ ဦးဘားဝါးတို့ လက်ဝှေ့ကလပ်နှင့် လမ်းမတော်ဖိုးတုတ်တို့သည် သူ့စည်းကိုယ့်စည်း လိုက်နာ၍ တစ်ဖွဲ့နှင့် တစ်ဖွဲ့ တလေးတစား ဆက်ဆံကြကြောင်း နားထောင်ရသည်မှာ ရုပ်ရှင်ကြည့်ရသကဲ့သို့ ပီပီပြင်ပြင်ရှိလှသည်။ အဓိက ဇာတ်လိုက်ဦးဘားဝါးကြီး ကိုယ်တိုင်ပြောပြသဖြင့်လည်း ပို၍ ပီပြင်ခြင်းဖြစ်သည်။ နားထောင်၍ မျှမဝခင် အဘဦးဘားဝါး ခွဲစိပ်ခန်းဝင်ရန် အလှည့်ကျသည်။ ကျွန်တော်တို့ ကူညီ၍ ခွဲစိပ်ခန်းအတွင်းထိ အားပေးပို့ဆောင်ပေးခဲ့သည်။ ခွဲစိပ်ခန်းမှ ထွက်သည်နှင့် တွန်းလှည်းဖြင့် လူနာခုတင်သို့ ရွှေ့ကြသည်။ အဘက သတိရသော်လည်း အခြေအနေမကောင်း ကယောင်ကတန်းဖြစ်နေသည်။ အဘအမျိုးများက ဝိုင်းအုံနေသည်။ ဆရာဝန်နှင့် ကျွန်တော် မျက်လုံးခြင်း အဆုံတွင် ဆရာဝန်က ခေါင်းခါပြသည်။ အဘ၏မြေး ဆရာကြီးအား ခေါ်၍ အခြေအနေမကောင်းသဖြင့် အဘနားတွင် ဝိုင်းအုံမနေစေရန် ရှင်းနိုင်းပြီး ကျွန်တော်တို့နှစ်ယောက်စောင့်ကြသည်။ ကျွန်တော်တို့ လက်ပေါ်တွင်ပင် အဘဘားဝါး ဆုံးပါးခဲ့ရသည်။ နိုင်ငံကျော်လက်ဝှေ့သမားကြီး တစ်ဦးဆုံးပါးခဲ့ရပြီ။ ကျွန်တော် ဆေးရုံတွင် လူနာမျိုးစုံကို တွေ့ရသည်။ တိုက်ပွဲမှ ဒဏ်ရာပရပွဖြင့် ဆေးရုံသို့ ရောက်လာသည့်သူများကလည်း အများအပြား၊ တိုက်ပွဲမှ ထိခိုက်ဒဏ်ရာ လူနာများရောက်လာလျှင် ကျွန်တော်တို့ နားမနေနိုင် ရှေးဦးပြုဘွယ်များဝိုင်းဝန်းဆောင်ရွက်ရ၏။ တက္ကသိုလ်စတက်ကာစကတည်းက အခြေခံကျန်းမာရေးသင်တန်း၊ ရှေးဦးပြုစုခြင်း၊ ကြက်ခြေနီသင်တန်းများတက်ထားသည်ကလည်း ပူပူလောလောဖြစ်သဖြင့် သွက်လက်လျှင်မြန် မှန်ကန်စွာ ကူညီပေးနိုင်ခြင်းဖြစ်သည်။ ဆေးရုံမှ ဆရာဝန်၊ သူနာပြုများက တို့ဆေးတပ်ထဲဝင်လိုက်ပါကွာ၊ မင်းတို့ကျောင်းက ဖွင့်လိုက် ပိတ်လိုက်နဲ့ အသက်ကြီးသွားမယ်ကွဟု ဆွယ်ကြသေးသည်။

တစ်ဖက်ခန်းတွင် ကျွန်တော်ကဲ့သို့ ဆေးရုံတွင် နှစ်ချီ တက်နေရသော ရဲဘော်တစ်စုရှိသည်။ ဒဏ်ရာများအား ဆေးထည့် သန့်ရှင်းရေးလုပ်စဉ် နာကျင်သည့် အချိန်သာ ပိုးချဲစီး၍ ကျန်အချိန်များတွင် မားမား-မားမားဖြင့် လမ်းသလားတတ်သူများဖြစ်သည်။ ဆရာတစ်ဦးက ဗကပများနှင့် ဖြစ်သော တိုက်ပွဲကြီးတစ်ခုတွင် လက်နက်ကြီး ထိမှန်၍ ဝမ်းဗိုက်ပွင့်ဒဏ်ရာရခဲ့သူဖြစ်သည်။ ဝမ်းဗိုက်အပေါက်ကြီးက ဟစိစိ၊ ဝမ်း၊ ဆီးများကို ပိုက်ဖြင့် အိတ်ထဲထည့်ကာ လွယ်အိတ်ဖြင့် လွယ်ထားရသည်။ သူသည် ဆေးရုံတွင် နှစ်ချီကြာပြီဖြစ်သည်။ နောက်တစ်ဦး ကရင်လေးကလည်း သေနတ်ကျည်ဆံဝင်သွားပြီး ဆီး၊ ဝမ်းများ အိတ်နှင့် လွယ်ထားရသူဖြစ်သည်။ ကျည်ဆံမှာ အာရုံကြောမလွတ်၍ မထုတ်ရသေးဟုဆိုသည်။ နောက်တစ်ဦးက ရေတပ်က ဆရာကြီး၊ ရင်ခေါင်းမှ ဖွင့်၍ အစာအိမ်နှင့် ကလီစာများ ကုသထားရသူဖြစ်သည်။ ချုပ်ရိုးမှာ နှစ်ခါပွင့်ထွက်၍ အနာမကျက်ပဲ ရင်ဝ ဟဟကြီးဖြစ်ကာ အထဲမှ ကလီစာများ မြင်နေရသည်။ ခါးပတ်ပြားကြီး ပတ်ထားရသည်။ အပေါ်မှ အင်္ကျီထပ်ဝတ်ထားပြီး လျှောက်သွားနေသည်မှာ လူနာဟုပင် မထင်ရ။ သူတို့ သုံးဦးက နေ့လည်နှင့် ညခင်းတွင် ဖခင်ကြီးနှင့် စကားလာပြော၍ စစ်တုရင်ထိုးနေကျ၊ တစ်ဆောင်လုံး သူတို့ရယ်သံ ဖုံးလွှမ်းနေတတ်သည်။ နံနက်မိုးလင်းလာလျှင် မျက်နှာငယ်ကလေးများဖြင့် အသံမထွက်တော့၊ ဒဏ်ရာအနာများကို ဆေးထည့်သန့်ရှင်းရေးလုပ်ရမည်ဖြစ်၍ ကြောက်လန့်နေကြသည်။ ပြင်းထန်သော နာကျင်မှုကို ခံစားရသည့်အချိန်ဖြစ်သည်။ နံနက်ပိုင်းတွင် ၄က်ဖျားဆောင်မှ နာလန်ထ ရဲဘော်ကို ခေါ်၍ ဖခင်ကို ကြည့်စေကာ ကျန်လူနာများအတွက် မနားမနေကူညီမြဲဖြစ်သည်။ တစ်ဦးချင်းစီအား ဆေးထည့်ခန်းတွင် ခေါ်၍ သူနာပြုဆရာကြီးနှင့်အတူ အနာများ ဆေးကြောသန့်စင် ဆေးထည့် လုပ်ရသည်။ အသားနုများကို ထိသဖြင့် သွေးများကလည်း ထွက်၊ ရန်းကန်ပြီး ငယ်သံပါအောင် အော်၊ အသားဆတ်ဆတ်တုန်သည်ထိ ခံစားနေကြရသည်။ သနားဖွယ်ကောင်းလှသည်။ အတတ်နိုင်ဆုံး ညင်သာစိတ်ရှည်စွာ လုပ်ပေး၍ ကျွန်တော့်အား ကျေးဇူးတင်ကြသည်။ နောက်ပိုင်းတွင် ဆေးထည့်ချိန်ရောက်တိုင်း ကျွန်တော့်လက်ကို ဆွဲထားပြီး ညီလေးပဲ လုပ်ပေးဟု တောင်းဆိုကြသည်။ အော်ဟစ်ညည်းညူ၍ နာကျင်စွာ ခံစားပြီး နေ့လယ်ပိုင်းတွင်မှ သက်သာကြသည်။ ညနေပိုင်းတွင် အနှံ့လျှောက်သွားနေကြပြီဖြစ်သည်။ လူနာအပြင်မထွက်ရသော်လည်း ကျွန်တော်ပါလျှင် ထိုသုံးယောက်အား အပြင်ထွက်ခွင့်ကို နားလည်မှုဖြင့် ခွင့်ပြုပေးသည်။ တစ်ပတ်တစ်ခါ ရွှေတိဂုံဘုရားသို့ သွားကြသည်။ ရေတပ်မှ ရင်ဘတ်ပွင့် ဆရာက အင်္ကျီထပ် ဝတ်လျှင် လူကောင်းအတိုင်း၊ ဗိုက်ပွင့်နေသော ရဲဘော်နှင့် ဆရာက မစင်နှင့် ဆီးအိတ်များကို စလွယ်အိတ်တွင် လွယ်၍ သွားကြသည်။ လူနာများဟု မထင်ရ။

လူနာများအား ဖေးဖေးမမဖြင့် သွားရ၍ စစ-စစဖြင့် ဘုရားတက်ရသည်။ လုံခြုံရေးရဲနှင့် ရဲမေတို့က စစ်ဆေးလိုသည်ဆို၍ လွယ်အိတ်အား ရဲတပ်သားအား ရှာခိုင်း၍ ရေတပ်မှ ရင်ဘတ်ပွင့် ဆရာက ရဲမေအား အင်္ကျီဟပြလိုက်ရာ ရဲမေမှာ ရင်ဘတ်ပွင့်၍ ကလီစာများ မြင်လိုက်ရသဖြင့် တရားလွန်လန့်သွားခဲ့ရာ သတိမေ့မတတ် ခံစားသွားရသည်။ နောက်ပိုင်းတွင် ဘုရားပေါ်မှ ရဲတပ်ဖွဲ့ဝင်တို့က ကျွန်တော်တို့ကို တွေ့လျှင် ဘုရားမပိတ်ခင်တော့ ပြန်ကြပါဗျာ-ဘာကူညီရမလည်း လိုရင်ပြောဟုဆိုကာ ခင်မင်ခဲ့ကြသည်။ ရဲမေလေးအား နောက်နှစ်ယောက်၏ ဒဏ်ရာများကြည့်ဦးမည်လားဟု စရာ ဆရာကြောက်ပြီဟုဆို၍ ထွက်ပြေးသည်ကို ရယ်မောခဲ့ကြသေးသည်။

တစ်နေ့တွင်မျက်နှာချင်းဆိုင် အခန်းသို့ ဗမာပြည် ကွန်မြူနစ်ပါတီမှ ခေါင်းဆောင်ပိုင်းတစ်ဦး (အလင်းဝင်)အား ဆေးကုသပေးရန် ဆေးရုံတင်ခဲ့သည်။ ဒဏ်ရာရ ရဲဘော်များနှင့် စကားပြောရင်း ရှေ့တန်း နယ်မြေများ ကိစ္စပြောရင်း စကားများပြီး ရန်ဖြစ်သဖြင့် အခန်းဝေးရာ ရွှေ့၍ ထားခဲ့ရဘူးသည်။ စိတ်ဓာတ်ပြင်းထန်လှသော ရဲဘော်များပင်ဖြစ်သည်။ ထိုအလင်းဝင်ကြီးထံမှလည်း ဗဟုသုတများ အတော်အသင့်ရခဲ့သည်။ ဖခင်ဆေးရုံမှ ဆင်းသွားပြီးနောက် ရန်ကုန်မြို့သို့ ရောက်တိုင်း ဆေးရုံသို့ သွား၍ ထိုသူများရှိလေဦးမည်လားဟု ရှာမိသည်။ မဆုံဖြစ်၊ မတွေ့ရတော့သော်လည်း ရင်ထဲတွင် စိတ်မကောင်းစွာဖြင့် သတိရမိသည်။ တစ်ညတွင် ဧရာဝတီတိုင်းဘက်မှ ရဲဘော်လူနာတစ်ဦး အရေးပေါ်ခန်းမှ တစ်ဆင့် နေရာလွတ်သော ဖျားနာဆောင်သို့ ရောက်လာသည်။ ဖြစ်ချင်တော့ ထိုညတွင် သူနာပြုအရာရှိမှစ၍ အငယ်အသစ်များ တာဝန်ကျနေချိန်ဖြစ်သည်။ လူနာကို ကြည့်ကြရာ သတိမရ။ တစ်ကိုယ်လုံး ညိုကွက်နေသည်။ မျက်လုံးဖွင့်ကြည့်ရာ သွေးခြည်များ ဥနေသည်။ ဆီးပိုက်မှ ထွက်သော ဆီးသည် သွေးပါ၍ ရဲနေသည်။ မေးကြည့်ရာ မြွေကိုက်ခံရသည်ဟု ပြောသည်။ နောက်တစ်နာရီကျော်ခန့်တွင် ပါရဂူကြီး လာစစ်မည်ဟု ဆိုသည်။ ဖခင်ကြီးအား လိုအပ်သည်များ ပြုစုပေးပြီး ကျန်လူနာများအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်နေစဉ် ပါရဂူကြီး ရောက်လာ၍ တာဝန်ကျ ဟောက်စ်ဆာဂျင်၊ သူနာပြုအရာရှိများ၊ ဆေးတပ်သားများနှင့် အတူ အရေးကြီးလူနာကစ၍ ကြည့်သည်။ အရေးကြီးလူနာများ ကြည့်ရင်း ဆရာဝန်၊ သူနာပြုများကို အမေးအဖြေပြု သင်ကြားပေးသွားသည်ကို စိတ်ဝင်စားစွာ ကြည့်နေမိသည်။ မြွေကိုက်လူနာနားရောက်သော် ပါရဂူကြီးက "ဟ အရမ်း အရေးကြီးနေပြီလေ ဘာလုပ်ထားလည်း"ဟု မေးရာ ဆောင်ရွက်ထားသမျှ ရှင်းပြကြသည်။ မလုံလောက်ဘူး၊ မြွေဆိပ်ဖြေဆေးထိုးပြီးပလား မေးရာ မဖြေကြ။ ကိုက်တဲ့မြွေ မသိဘူးလားမေးရာတွင်လည်း မဖြေကြ။ ပါရဂူကြီး နည်းနည်း စိတ်တို၍ ကျွန်တော့်ဘက်လှည့်ကြည့်ကာ ဟိုဆရာ ခဏဟု ပြောသဖြင့် ကျွန်တော် ရပ်ကြည့်နေရာက သွားရာ "ဘာမြွေကိုက်သလဲ"ဟု တိုတိုတုတ်တုတ်မေးသည်။ ကျွန်တော်ကလည်း မိမိထင်မြင်သော မြွေအမျိုးအစားကို ချက်ခြင်းဖြေလိုက်မိသည်။ နောက်ဆက်တွဲ မေးခွန်းက ချက်ခြင်းလိုက်လာသည်။ ဘာ့ကြောင့် ဒီမြွေဟု ကောက်ချက်ချသလဲတဲ့။ ကျွန်တော်လည်း ဒိုးဒိုးဒေါက်ဒေါက်ဖြင့် လူနာ၏ လက္ခဏာရပ်များနှင့် အကိုက်ခံခဲ့ရသော အချိန်၊ လူနာ၏ ခံစားနေရသော ပုံသဏ္ဍာန်၊ ခန္ဓာကိုယ်၏ တုန့်ပြန်မှုတို့ ကြည့်၍ ပြောသည်ဟု ဖြေသည်။ ဆက်လက်၍ "လူနာက အခုဘယ်အဆင့် ဘာဖြစ်နေပြီလဲ"ဟု ဆက်တိုက်မေးရာ ခန္ဓာကိုယ်သွေးကြောများပေါက်၍ ကိုယ်တွင်းသွေးယိုစီးမှုဖြစ်နေကြောင်း၊ ကျောက်ကပ်ပျက်စီးစပြုနေပြီဖြစ်ကြောင်း ပြောရာ "ရမလား" ဟု ဆက်မေးသဖြင့် ခေါင်းခါပြခဲ့သည်။ ဘယ်လောက်ကြာအုံးမလည်းဟု မေးရာ လက် ၃ ချောင်းနှင့် ၅ ချောင်း ထောင်ပြခဲ့သည်။ (၃ နာရီမှ ၅ နာရီကြားသာခံမည်ဟု ဆိုလိုခြင်းဖြစ်သည်။ လူနာသတိလစ်နေသော်လည်း အကြားအာရုံရှိနေနိုင်သောကြောင့် အမူအယာဖြင့် ဖြေခြင်းဖြစ်သည်။) ပါရဂူကြီးက ကျေနပ်စွာဖြင့် "အေး ဟုတ်တယ် သူ့လို ဖြေနိုင်အောင် လေ့လာထား"ဟု ပြောပြီး ဒါနဲ့ မင်းကို အမြဲတွေ့နေတာ မင်းက ဘာလဲ ဟောက်စ်လား၊ နပ်စ်လားဟု မေးသည်။ လူနာစောင့်ဖြစ်ကြောင်း၊ ကျောင်းသားသာဖြစ်ကြောင်း ရှင်းပြခဲ့သည်။ ဆေးကျောင်းသားလားဟု ဆက်မေးရာ မဟုတ်ကြောင်း၊ သာမန်ဝိဇ္ဇာသိပ္ပံကျောင်းသားဖြစ်ကြောင်း ပြောပြသည်။ ဆေးရုံမှာ မင်းအတော်များများ လုပ်နိုင်တယ်။ ပြီးတော့ အခုလည်း အသေးစိတ်ရှင်းပြနိုင်တယ်။ ဘယ်လိုတတ်လာသလည်းမေးရာ တက္ကသိုလ် မတက်ခင်ကတည်းက ကြက်ခြေနီဖြစ်ကြောင်း၊ တက္ကသိုလ်တက်ရင်း အခြေခံကျန်းမာရေး သင်တန်းတက်ခဲ့ကြောင်း၊ မြွေနှင့် ပတ်သက်၍ သိလိုသောကြောင့် သင်တန်းတွင် အသေးစိတ်လေ့လာခဲ့ကြောင်း၊ ယခုဆေးရုံတွင်လည်း ၈ လခန့်ကြာနေပြီဖြစ်၍ ကိုယ်တတ်နိုင်သည့်ဘက်မှ ကူညီပေးနေခြင်းဖြစ်ကြောင်း ပြောရာ ထိုစဉ်က (လစာ ၁၅ ကျပ်ခန့်) ခေတ်က မုန့်ဖိုး ၁၀၀၀ကျပ် အတင်းပေးသွားခဲ့သည်။ စိတ်မကောင်းစရာတစ်ခုမှာ ထိုနေ့က တာဝန်ကျအဖွဲ့အားလုံးကို ပါရဂူကြီးက မကျေလည်၍ အပိုဂျူတီအချခံရခြင်းဖြစ်ခဲ့သည်။ ထိုအဖွဲ့အတွက် စိတ်မကောင်း၍ သူတို့ တာဝန်ချိန်တွင် ပို၍ အားစိုက်ကူညီပေးခဲ့သည်။ ထိုစဉ်ကာလများက မိမိကိုယ်ကို သူနာပြုတစ်ဦးဟူသော အသိဖြင့်သာ တာဝန်ထမ်းခဲ့ခြင်းဖြစ်ပေသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## မလေးရှားဘုရင်နှင့် ဝန်ကြီးချုပ် ခြိမ်းခြောက်ခံရပြီးနောက် အဓိကသံသယရှိသူ ရှစ်ဦး ဖမ်းဆီးရမိထား



**ကွာလာလမ်ပူ ဇွန် ၂၅**

မလေးရှားဘုရင် စူလ်တန်အီဘရာဟင်မ်စူလ်တန်အစ္စကန်ဒါနှင့် ဝန်ကြီးချုပ် အန်ဝါအီဘရာဟင်မ်တို့နှစ်ဦး ခြိမ်းခြောက်ခံရပြီးနောက် ရဲစုံထောက်များ လိုက်လံစုံစမ်းခဲ့ရာ အဓိကသံသယရှိသူ ရှစ် ဦးကို ဖမ်းဆီးရမိထားပြီဖြစ်သည်ဟု မလေးရှားပြည်ထဲရေးဝန်ကြီး ဆိုင်ဖွတ်ဒင်နာဆူရှင်းအစ္စမေးလ်က ဇွန် ၂၄ ရက်တွင် ထုတ်ဖော်ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ခြိမ်းခြောက်ခဲ့သည့် အိုင်အက်စ်အုပ်စုနှင့် ဆက်နွယ်နေသည်ဟု သံသယဖြစ်ခံရသူ ရှစ်ဦးတွင် အသက် ၂၅ နှစ်မှ ၇၀ နှစ်အကြား အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး နှစ်ဦး တို့ပါဝင်ကြသည်။

အိမ်ရှင်မများ၊ ပညာတတ်များအပါအဝင် အဆိုပါသံသယရှိသူ ရှစ်ဦးတို့ကို ကီလန်တန်၊ ဂျိုဟော်၊ ပီနန်နှင့် ဆေလန်ဂေါ်ဒေသများမှ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း မလေးရှားပြည်ထဲရေးဝန်ကြီးက ရှင်းပြသည်။

၎င်းတို့ကို ၂၀၁၂ ခုနှစ်က ပြဋ္ဌာန်းသည့် လုံခြုံရေးအက်ဥပဒေအရ ၂၈ ရက်ကြာထိန်းသိမ်းထားပြီး အမှုမှန်ပေါ်ပေါက်အောင် စစ်ဆေးမေးမြန်းသွားမည်ဟု ဆိုသည်။

**Mon**

0-0-0-0-0



## ဝီကီလိခ်စ်ဝက်ဘ်ဆိုက်တည်ထောင်သူ အက်ဆန်း ထောင်မှလွတ်ပြီး ဩနေဩစတြေးလျသို့ ပြန်ခွင့်ရပြီ

**လန်ဒန် ဇွန် ၂၅**

ဝီကီလိခ်စ်ဝက်ဘ်ဆိုက်တည်ထောင်သူ အသက် ၅၂ နှစ်အရွယ် ဂျူလီယန်အက်ဆန်း ဇွန် ၂၄ ရက်က ထောင်မှလွတ်ပြီး ဩနေဩစတြေးလျသို့ပြန်ခွင့်ရပြီဖြစ်ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာန ကဖော်ပြသည်။

၎င်းသည် ဗြိတိန်နိုင်ငံ၌ အလွန်လုံခြုံရေးတင်းကြပ်သော ဘဲလ်မာ့ရှ်အကျဉ်းထောင်မှ နံနက်ပိုင်းတွင် လွတ်လာပြီးနောက် နေ့လယ်ပိုင်း၌ ၎င်းကို ထောင်ဒဏ် ၆၂ လပြစ်ဒဏ်ချမှတ်ရန် စောင့်ဆိုင်းနေသော အမေရိကန်ခရိုင်တရားရုံးရှိရာ ဆိုင်ပန်မြို့သို့ ဆက်လက်သွားရောက်ရမည်ဖြစ်သည်။

၎င်းကိုခေါ်ဆောင်သွားသော လေယာဉ်သည် ဆီဖြည့်ရန် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဇွန် ၂၅ ရက်တွင် ခေတ္တရပ်နားမည်။ ထိုသို့နားပြီးမှ ဆိုင်ပန်မြို့သို့ ခရီးဆက်မည်ဟု ဆိုသည်။

ပစိဖိတ်ဒေသအတွင်းရှိ ဆိုင်ပန်မြို့အခြေစိုက် အမေရိကန်ခရိုင်တရားရုံးက ၎င်းကို ချမှတ်မည့်ထောင်ဒဏ်သည် ချုပ်ရက်ထဲ၌ အကျုံးဝင် အကျိုးသက်ရောက်နေပြီဖြစ်ရာ အက်ဆန်းအနေဖြင့် တရားခွင်ပြီးလျှင်ပြီးချင်း ဩစတြေးလျနိုင်ငံသို့ ပြန်ခွင့်ရတော့မည်ဖြစ်ကြောင်း သိရသည်။ **Mon**

## ဩစတြေးလျနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးကူးစက်ပိုးတွေ့သောကြက်ခြံပေါင်း ၁၀ ခြံရှိနေပြီ ဟုဆို

**ကင်ဘာရာ ဇွန် ၂၅**

ဩစတြေးလျနိုင်ငံ၌ ကြက်ငှက်တုပ်ကွေး ကူးစက်လျက်ရှိရာ ပိုးတွေ့သောကြက်ခြံပေါင်း ၁၀ ခြံရှိနေပြီဟု ဇွန် ၂၅ ရက်တွင် ဗစ်တိုးရီးယားပြည်နယ် အစိုးရက အတည်ပြုကြေညာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မဲလ်ဘုန်းမြို့အနီးရှိ အဌမမြောက်ကြက်ခြံကို သက်ဆိုင်ရာက မှတ်တမ်းတင်ပြီး ရက်ပိုင်းအတွင်း ပိုးတွေ့ကြက်ခြံ နှစ် ခြံ ထပ်တိုးလာခြင်းဖြစ်သည်။

ပိုးတွေ့ကြက်ခြံအများစုမှာ ဥစားကြက်မွေးမြူရေးခြံများဖြစ်သဖြင့် ပိုးတွေ့ကြက်အကောင်ရေ တစ်သန်းခွဲခန့်ကို သုတ်သင်ရှင်းလင်းပစ်ရမည်ဖြစ်ရာ ကြက်ဥရှားပါးပြတ်လပ်မည်ကို ပြည်နယ်ဒေသခံများ စိုးရိမ်နေကြသည်။

ဩစတြေးလျနိုင်ငံတွင် ၁၉၇၆ ခုနှစ်မှစ၍ လူတို့မွေးမြူထားခြင်းမရှိသောငှက်များမှ ကြက်မွေးမြူရေးခြံများသို့ ထိုတုပ်ကွေးရောဂါ ကူးစက်သည်မှာ ၁၀ နှစ်မြောက်ခဲ့ပြီဟုလည်း ဆိုသည်။

ယခုနှစ်တွင် တစ်ကမ္ဘာလုံးသို့ ကူးစက်နေသော ကြက်ငှက်တုပ်ကွေးရောဂါပိုးသည် အိတ်ချ်ဖိုက်အင်န်ဝမ်းမဟုတ်ဘဲ ဗီဇပြောင်းပိုးမွှားဖြစ်ကြောင်း သိရသည်။ **Mon**






## ဆူဒန်နိုင်ငံရှိ ကလေးသူငယ်သန်းပေါင်းများစွာ အာဟာရချို့တဲ့ကာ ကျောင်းတက်ခွင့်မရ

**ခါတူးမ် ဇွန် ၂၅**

ဆူဒန်နိုင်ငံတွင် ပြည်တွင်းရေးပဋိပက္ခကြောင့် ကလေးသူငယ်သန်းပေါင်းများစွာ အာဟာရချို့တဲ့ကာ ကျောင်းလည်းတက်ခွင့်မရဖြစ်နေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပြည်တွင်း၌ စိုက်ပျိုးသီးနှံထုတ်လုပ်ရန် ခက်ခဲသည်နှင့်အမျှ စားနပ်ရိက္ခာ ရောင်းဝယ်ဖောက်ကားရန်လည်း မလွယ်ကူတော့သဖြင့် စားနပ်ရိက္ခာပြတ်လပ်ပြီး ကလေးများ အာဟာရချို့တဲ့နေခြင်းဖြစ်သည်ဟု ကုလသမဂ္ဂလက်အောက်ခံ ကလေးများရန်ပုံငွေအဖွဲ့အကြီးအကဲဖြစ်သူ ကက်သရင်းရပ်ဆဲလ်က ရှင်းလင်းပြောကြားသည်။

တစ်နိုင်ငံလုံးတွင် အာဟာရမပြည့်ဝမှု ဆိုးရွားစွာကြုံတွေ့နေရသော ကလေးသူငယ်ပေါင်း လေးသန်းခန့်ရှိကြောင်း ၎င်းက အတည်ပြုသည်။

ထို့ပြင်နေရာအတည်တကျမရှိဘဲ ရွှေ့ပြောင်းနေထိုင်ရသော မိသားစုများနှင့်အတူ လိုက်ပါနေရသည့် ကလေးသူငယ်များအနေဖြင့် ကျောင်းလည်းတက်ခွင့်မရဖြစ်နေကြောင်း ကက်သရင်းရပ်ဆဲလ်က ဆက်လက်ပြောကြားကြောင်း သိရသည်။

**Mon**



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်၏တောင်ဘက် ၂၈ မိုင်ခန့်အကွာ ဟွာဆောင်းမြို့တစ်နေရာရှိ လစ်သီယမ်ဘက်ထရီစက်ရုံ ဇွန် ၂၄ ရက်က မီးလောင်ပေါက်ကွဲသဖြင့် မီးသတ်ကားများ ဝိုင်းဝန်းငြိမ်းသတ်နေကြသည်ကို တွေ့ရစဉ်။ **Mon**

## တရုတ်နိုင်ငံလုပ် လျှပ်စစ်ကားများ ကနေဒါနိုင်ငံက အခွန်တိုးမြှင့်ကောက်ခံမည်




**အော့တဝါ ဇွန် ၂၅**

တရုတ်နိုင်ငံလုပ် လျှပ်စစ်ကားများအပေါ် မိမိတို့နိုင်ငံက အခွန်တိုးမြှင့်ကောက်ခံရန် စဉ်းစားနေရပြီဖြစ်သည်ဟု ကနေဒါဒုတိယဝန်ကြီးချုပ် ခရစ္စရှာဖရီလန်းက ဇွန် ၂၄ ရက်တွင် ထုတ်ဖော်ပြောကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံက လက်ဦးမှုရယူပြီး လျှပ်စစ်ကားအမြောက်အမြား ထုတ်လုပ်ကာ ကနေဒါနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံသီးသီးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ကနေဒါနိုင်ငံတွင် အဆိုပါ တရုတ်နိုင်ငံလုပ် လျှပ်စစ်ကားများက ဈေးကွက်ယှဉ်ပြိုင်ရာ၌ အသာစီးရယူထားသလိုဖြစ်နေသဖြင့် အခွန်တိုးမြှင့်ရေးအတွက် အများပြည်သူထံမှ မဲဆန္ဒကောက်ခံပြီး ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Mon**

STOP AIDS

## စင်ကာပူမှ စေတနာ့ဝန်ထမ်း အင်္ဂလိပ်စာဆရာ၊ ဆရာမများ လာရောက်မည်ကို မလေးရှားဆရာ၊ ဆရာမများ ဘဝင်မကျ

**ကွာလာလမ်ပူ ဇွန် ၂၅**

စင်ကာပူမှ စေတနာ့ဝန်ထမ်း အင်္ဂလိပ်စာဆရာ၊ ဆရာမများ လာရောက်မည်ကို မလေးရှားဆရာ၊ ဆရာမများ ဘဝင်မကျဖြစ်နေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မကြာသေးမီက မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်မ် စင်ကာပူနိုင်ငံသို့ အလည်အပတ်ရောက်ရှိစဉ် အကူအညီတောင်းရာမှ စင်ကာပူဝန်ကြီးချုပ်က စေတနာ့ဝန်ထမ်းအင်္ဂလိပ်ဆရာ၊ ဆရာမများ စေလွှတ်ပေးမည်ဟု ပြောကြားခဲ့သည်။

မလေးရှားဆရာ၊ ဆရာမများ အင်္ဂလိပ်စာသင်ကြားနိုင်ပါလျက်နှင့် စင်ကာပူနိုင်ငံမှ စေတနာ့ဝန်ထမ်းအင်္ဂလိပ်စာဆရာ၊ ဆရာမများကို ခေါ်ယူခဲ့ခြင်းကြောင့် ဘဝင်မကျဖြစ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ခနဲ့ရပ်ကွက်၊ ကွင်းအမှတ်(၆၂၁-က/ရွှေကျင်တိုက်)၊ ဦးပိုင်အမှတ်(၁၅/၂)၊ ဧရိယာ (၂ ဒသမ ၆၂)ဧက အကျယ်အဝန်းရှိ ဦးညွန့်ခင် ပုံစံ(၇)အမည်ပေါက် လယ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပုံစံ(၇)အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးညွန့်ခင်(ဘ)ဦးထိန်(၉/အမရ(နိုင်)၀၄၀၇၆၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ လယ်မြေကွက် လွှဲပြောင်းရောင်းချခြင်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နန်းရွှေစင်ငယ် (LL.B) ဒေါ်ရတနာဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**' EASY ' အိမ်ခြံမြေနှင့် ဥပဒေအကျိုးဆောင်လုပ်ငန်း**
**လမ်း ၇၀၊ လမ်း၃၀နှင့် ၃၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၇၈၇၃၈၀၀၉၁၊ ၀၉-၄၄၁၄၄၇၈၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၅၇)၊ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းတော်များအဖွဲ့ချုပ် (MBCU)(၃)ရပ်ပိုင်၊ ၃၃လမ်း၊ ၈၁ လမ်းနှင့် ၈၂လမ်းကြားရှိ တိုက်အမှတ်(B-7)(၇)၊(၁၈ ပေ× ပေ ၆၀) အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးကျော်မိုးနိုင်(ဘ)ဦးအောင်နိုင်(ခ) ဟုတ်စိန်(၁၂/အလန(နိုင်)၀၀၁၀၁၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါတိုက်ခန်း၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မဥ္စူမြင့် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အောင်မင်္ဂလာရပ်၊ အကွက်အမှတ်(၄၁၃-က/၉)၊ ဦးပိုင်အမှတ်(၁၁/၈)ပေါ်ရှိ (ပေ ၂၀×ပေ ၃၀)နှင့် (ပေ ၁၀×ပေ ၁၀)အကျယ်အဝန်းရှိ မြေကွက်နှင့်မြေပေါ်ရှိ အဆောက်အအုံ(ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားပြီး အမွေရပိုင်ဆိုင်သူဟု အဆိုပြုသူ ဦးအုပ်စိုးမြတ်(ဘ)ဦးအောင်မြင့်(၉/မဟမ(နိုင်)၀၇၇၃၆၅)ထံမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေများက ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေများထံသို့ဖြစ်စေ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ကျွန်ုပ်မိတ်ဆွေများ တရားဝင်ပိုင်ဆိုင်ခွင့် အခွင့်အရေး အပြည့်အဝရရှိစေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**
**ဒေါ်ထက်ထက်ဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၇၃၃)**
**၆၂(ဘီ)လမ်း၊ လမ်း၄၀နှင့်၄၁လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၉၆၄၆၄၅၅၁၄**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ၊ အမှတ်(၅)ရပ်ကွက်ရှိ အရှေ့လားသော်-လမ်း၊ အနောက်လားသော်-ဦးမြင့်မောင်၏ဝိုင်းမြေအစပ်၊ တောင်လားသော်-ဦးအောင်ဝင်း၏ ဝိုင်းမြေအစပ်၊ မြောက်လားသော်-လမ်းစသည့် အလားလေးရပ်အတွင်းရှိ ဦးမင်းဇော်(၉/ပသက(နိုင်)၀၆၇၂၅၂)လက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိသော အကျယ် (ပေ ၄၀× ပေ ၇၀)၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်အုန်းကြိုင်(၉/ပသက(နိုင်)၁၁၆၃၆၁)ကုလားကြီးခြံကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်နေထိုင်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၀)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်ပြီး မြေနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများသို့ ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဦးရဲထက်အောင်(LL.B, DIL) အထက်တန်းရှေ့နေ**
**အမှတ်(၆)ရပ်ကွက်၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်။ ဖုန်း ➤ ၀၉-၉၇၉၉၅၀၆၅၄၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၆၆)၊ ဦးပိုင်အမှတ်(၂၁/က)၊ ဧရိယာအရှေ့-အနောက်(၁၅)ပေ(မြေပြင်အရှိအတိုင်း)၊ တောင်-မြောက်(၂၀)ပေ(မြေပြင်အရှိအတိုင်း) အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အအုံ ရေ+မီး(ဆက်လက်သုံးစွဲခွင့်)အပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို တရားဝင်နေထိုင်ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်အပြည့်အဝရှိသူဟု အဆိုပြုသူ ဦးဇော်မင်းလွင်(ဘ)ဦးဘိုသိန်း(၉/ခအဇ(နိုင်)၀၀၃၂၀၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသာလွင်မော်(ဘ)ဦးလှိုင်မြင့်မော်(၅/မမတ(နိုင်)၀၉၀၂၀၅)နှင့် ဒေါ်နုနုဝင်း(ဘ)ဦးဝင်းကို(၅/မမတ(နိုင်)၁၀၇၀၄၂)တို့က(၅-၇-၂၀၂၄) ရက်တွင် အထက်ဖော်ပြပါမြေကွက်အား အပြေအကြေပေးချေ၍ ဝယ်ယူမည်ဖြစ်ပါသဖြင့် (၅-၇-၂၀၂၄)ရက်မတိုင်ခင် အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများ၊ သက်ဆိုင်ရာတရားရုံးတို့၏ စီရင်ချက်၊ ဒီကရီများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သန္တာလင်း တရားလွှတ်တော်ရှေ့နေ**
**၃၆လမ်းနှင့် ၃၇လမ်းကြား၊ ၈၆လမ်းနှင့် ၈၇လမ်းကြား၊ အကွက်(၂၇၆)၊ ရှမ်းဝိုင်းရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၄၃၁၀၁၈၂၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၈)၊ ဦးပိုင်အမှတ်(၁၂၅)၏ အရှေ့ဘက်ခြမ်းမြေအကျယ်(၁၅ ပေ× ပေ ၄၀)ရှိ ဦးသိန်းနိုင်ဝင်း၊ ဒေါ်ဂျမ်းအမည်ဖြင့် မြေနေရာချထားရရှိသော မြေနှင့်ယင်းမြေပေါ်ရှိ အာရ်စီ(၃)ထပ်အဆောက်အအုံ၊ ရေ၊ မီး၊ ဝင်းခြံအကာအရံနှင့် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်သည်ဟု အဆိုပြုပြောဆိုသူ ဦးဝေလွင်(ဘ)ဦးကျော်စိန်(၉/ခမစ(နိုင်)၀၄၆၀၆၃)၊ ၄၇လမ်းနှင့် ၁၁၃ ဒီလမ်းထောင့်၊ အကွက်(ဘဘ-၁၈/၁၂၅)၊ အောင်သာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့နေသူမှ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော မူရင်းစာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဖြိုးဇော်(စဉ်-၁၃၃၂၄)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဒီ-၅)၊ လမ်း၇၀၊ လမ်း၃၀နှင့်၃၁လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၉၇၄၇၁၈၁၆၁၊ ၀၉-၄၀၂၅၁၅၁၇၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးကျေးရွာ၊ ကွင်းအမှတ်(၆၇၅)၊ ဦးပိုင်(၆၁/၁-က/၁-ခ)၊ (၁-ဃ/၂-က/၂၁-ခ)၊ ဧရိယာ(၄ ဒသမ ၇၉)ဧကအတွင်းမှ ရောင်းချသူ အကွက်ရိုက်သတ်မှတ်ထားသော မြေကွက်အမှတ်(F-3)၊ ဧရိယာပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ အဝီစိ ရေ+မီး(ဆက်လက်သုံးစွဲခွင့်)အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်အပြည့်အဝရှိသူဟု အဆိုပြုသူဖြစ်သော ဦးသန်းဆွေဇင်(ဘ)ဦးချိုဝင်းနိုင်(၅/တဆန(နိုင်)၁၀၀၄၈၂)ကိုင်ဆောင်သူထံမှ ဒေါ်ခင်စုစုလှိုင်(ဘ)ဦးစောနောင်(၉/မနမ(နိုင်)၁၂၁၂၅၉)က ရောင်းကြေးငွေ အပြေအကြေ ပေးချေ၍ ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊စာချုပ်စာတမ်း၊အထောက်အထားမူရင်းများ၊ သက်ဆိုင်ရာ တရားရုံးတို့၏ စီရင်ချက်၊ဒီကရီများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အိမွန်ကျော်**
**LL.B , D.I.R , D.B.L , P.G.D.E (Eng) , WIPO**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၂၀၄)၊ ရန်ကင်းအောင်ရပ်ကွက်၊ ပုသိမ်ကြီးမြို့။**
**ဖုန်း ၀၉-၄၃၀၉၉၃၀၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၅)၊ ဦးပိုင်အမှတ်(၆၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးမြလင်း(ဘ)ဦးစိန်၊(AE-၂၀၁၇၄၅)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်းဧရိယာ(ပေ ၃၀×ပေ ၄၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်တစ်ခြမ်းနှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကာလီမူသူး(ခ)ဦးယဉ်ထွေး(ဘ)ဦးကာရပယား(၁၂/လမန(နိုင်)၁၃၅၁၈၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်တစ်ခြမ်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးသန်းရွှေ**
**B.A (Hist), H.G.P**
**အထက်တန်းရှေ့နေ**
**၅၃လမ်း၊ ၁၁၀ Aလမ်းနှင့် ၁၁၀ Bလမ်းကြား၊**
**ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၅၁၄၀၄၇၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၉၇)၊ ဦးပိုင်အမှတ်(၂-င)၊ ဧရိယာ(၀ ဒသမ ၀၆၈၁)ဧက အကျယ်အဝန်းရှိ ဒေါ်မြမြနှင့် ဒေါ်ခင်ညို တို့အမည်ပေါက်သော ဘိုးဘပိုင်မြေကွက်အတွင်းမှ တိကျစွာ သတ်မှတ်ပိုင်းခြားထားသော အရှေ့ဘက်ခြမ်း အစိတ်အပိုင်း အရှေ့-အနောက် (၁၉)ပေ၊ တောင်-မြောက် (အရှည်-မြေကြီးအရှိအတိုင်း)ပေ အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ဝင်းခြံအကာအရံ၊ ရေ၊ မီး ဆက်လက်သုံးစွဲခွင့် အပါအဝင် မြေပေါ်-မြေအောက် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချစီမံပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ညို(ဘ)ဦးဘသွင်(၉/မနတ(နိုင်)၀၇၁၁၄၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ စရန်ငွေပေးချေထားသည့် ဘိုးဘပိုင်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသည့် အထောက်အထားစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသွားသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအောင်မိုးဟိန်း (LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၉၄)**
**မင်းမောင်ကြီးလမ်း၊ အကွက်(၈၅၉)၊ တောင်ရွာသစ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉-၇၈၃၃၃၅၄၇၇၊ ၀၉-၇၈၃၇၂၂၃၇၃**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်း၊ နီပေါနှင့် ကာတာ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် တီဟီရန်မြို့၌ သီးခြားစီတွေ့ဆုံ



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ်ဆတ်ငီယမ်ဖုန်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နီပေါဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ နာရာရန် ကာဂျီ ရှရက်စ်သာ ပရာကတ်ရှ်နှင့် တွေ့ဆုံစဉ်။

**တီဟီရန် ဇွန် ၂၅**

(၁၉) ကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ) ၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ရန် တီဟီရန်မြို့၌ ရောက်ရှိနေသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဇွန် ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Maris Sangiampongsa နှင့်လည်းကောင်း၊ ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် နီပေါနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Narayan Kaji Shrestha Prakash နှင့် လည်းကောင်း၊ ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ကာတာနိုင်ငံ State Minister of Foreign Affairs Mr. Soltan Saad S. K. Al-Moraikhi နှင့်လည်းကောင်း တီဟီရန်မြို့ရှိ ပါရှန်အဇာဒီဟိုတယ်၌ သီးခြားစီ တွေ့ဆုံသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနှင့်ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ အေစီဒီ၊ အာဆီယံနှင့် ဘင်းမ်စတက် မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက လာမည့် ၂၀၂၅ ခုနှစ်တွင် အေစီဒီဥက္ကဋ္ဌအဖြစ် တာဝန်လွှဲပြောင်းထမ်းဆောင်မည့် ထိုင်းနိုင်ငံ၏ အရေးပါသည့် အခန်းကဏ္ဍအပေါ် ကြိုဆိုကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

နီပေါဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ မြန်မာနှင့် နီပေါနိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၌ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ကာတာ State Minister of Foreign Affairs နှင့်တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ထည့်သွင်းရှင်းလင်း ပြောကြားခဲ့သည်။

ထို့ပြင် မြန်မာ-ကာတာ နှစ်နိုင်ငံ အကြား ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရေး၊ အေစီဒီအဖွဲ့တွင်း ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ ဖြစ်ကြသည့် အီရန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်နိုင်ရေး အလှူငွေပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က လက်ခံရယူစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနားတွင် ဂိမ်းပြိုင်ပွဲများ ကျင်းပနေမှုကို ကြည့်ရှုအားပေးစဉ်။

# ပြင်ဦးလွင်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂၅**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေလေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှ ရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချမှုဝေနိုင်ရန် ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ပိုင်းတွင် ပြင်ဦးလွင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့ တက်ရောက်အားပေးသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်း၊ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကာ ပါဝင်ကူညီခဲ့သည့် ပန်းဖွားအဖွဲ့၊ ဘင်ခရာအဖွဲ့နှင့် တီးနရားအကအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို အဆိုပါကျောင်း၌ ဆက်လက် ကျင်းပရာ အမှတ်(၂)အခြေခံ ပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး "စာပဒေသာ ဝေဆာစေမည်" Video Clip ကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင်

စာမျက်နှာ ၈ သို့ ➤

## နယ်သာလန်ကိုအနိုင်ယူပြီး အုပ်စုပထမဖြင့် ၁၆သင်းအဆင့် ဩစတြီးယားအသင်းတက်ရောက်၊ ပိုလန်ကို သရေကျကာ အုပ်စုဒုတိယနဲ့ပဲ ကျေနပ်ခဲ့ရတဲ့ ပြင်သစ်

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ အုပ်စု(ဃ)ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၀နာရီ ၃၀မိနစ်က ဂျာမနီနိုင်ငံ၊ ဘာလင်မြို့၊ ဘာလင်အိုလံပစ်ဘောလုံးကွင်းတွင် နယ်သာလန်အသင်းနှင့် ဩစတြီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဩစတြီးယားအသင်းက နယ်သာလန်အသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စာမျက်နှာ ၁၀ သို့ ➤